ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်၊ သောကြာနေ့ (2-3-2012) (၇၀၅၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ဒီမိုကရေစီနိုင်ငံရေးစနစ် ခိုင်မာရင့်သန်ဖို့ ခိုင်မာတောင့်တင်းတဲ့ နိုင်ငံရေးမျိုးဆက်သစ်တွေလိုအပ်

မျိုးဆက်သစ်၊ မျိုးဆက်ဟောင်းအားလုံး Common Ground ရှာဖွေနိုင်ပြီး စပေါင်းစွမ်းအားနဲ့ နိုင်ငံတည်ဆောက်သွားနိုင်ရေးဟာ နိုင်ငံတော်နဲ့ နိုင်ငံသားအားလုံးရဲ့ အနာဂတ်နဲ့ တိုက်ရိုက်ဆက်စပ်လျက်ရှိ

နိုင်ငံရေးလမ်းစဉ်မှာ တိုင်းရင်းသားအားလုံး တန်းတူရည်တူ ပါဝင်ခွင့်ရရှိဖို့ မဖြစ်မနေဆောင်ရွက်ရမှာဖြစ်

မိမိတို့အစိုးရအနေနဲ့ ထာဝရငြိမ်းချမ်းရေးပန်းတိုင်ကို လျှောက်လှမ်းနေတဲ့လမ်းခရီးမှာ ပရိယာယ်မရှိ

နေပြည်တော် မတ် ၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က တာဝန်ထမ်းဆောင်မှု (၁)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၂၁၀)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ယနေ့ကျင်းပသည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်တတိယပုံမှန်အစည်းအဝေးသို့ ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

လေးစားအပ်ပါသော ပြည်ထောင်စုလွှတ်တော်နာယကကြီးနှင့်တကွ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၀ အရ ကျွန်တော့်အနေဖြင့် နိုင်ငံတော်၏ မူဝါဒများ၊ တစ်နှစ်တာကာလအတွင်း မိမိအစိုးရအဖွဲ့၏ ဆောင်ရွက်ချက်များနဲ့ ရှေ့တွင်ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များအား ဤလွှတ်တော်မှတစ်ဆင့် ပြည်သူများသိရှိစေရန် တက်ရောက်ပြောကြားခြင်းဖြစ်ပါတယ်။

ပထမဦးစွာ နိုင်ငံတော်တစ်ဝန်းလုံးမှာရှိတဲ့ မိဘပြည်သူများအားလုံး၊ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပနိုင်ငံများမှာ ရောက်ရှိနေကြတဲ့ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားအားလုံး၊ ပြည်ထောင်စုလွှတ်တော်နာယကကြီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်တို့အစိုးရ အုပ်ချုပ်ရေးအာဏာ လွှဲပြောင်းရယူခဲ့တာ ဒီလဆိုရင် (၁)နှစ်တင်းတင်းပြည့်မြောက်ပြီ ဖြစ်ပါတယ်။ ဒီလို (၁)နှစ်ပြည့်အခါသမယမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများကတစ်ဆင့် ကျွန်တော်တို့ကို ယုံယုံကြည်ကြည်နဲ့ နိုင်ငံတော်အုပ်ချုပ်မှုအာဏာကို အပ်နှင်းထားခဲ့ကြတဲ့ မိဘပြည်သူများကို ဦးထိပ်ထားပြီး ကျွန်တော်တို့အစိုးရရဲ့ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်သွားမယ့် အစီအစဉ်များနဲ့ ပတ်သက်လို့ အကျဉ်းချုံးပြီး ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတ ဦး သိန်း စိန် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလမ်းကြောင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ အရှိန်အဟုန်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာမှာ ဒီကနေ့ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းရေးလမ်းကြောင်းအသစ်ကို စနစ်တကျ ကူးပြောင်းတည်ဆောက်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ နိုင်ငံတကာသတင်းမီဒီယာတွေမှာ ကျွန်တော်တို့ရဲ့ အသွင်ကူးပြောင်းမှုကို 'Burma Spring' 'Myanmar Spring' အစရှိတဲ့ နာမည်နာမအမျိုးမျိုး ကင်ပွန်းတပ်ခံနေရတာကိုလည်း ကျွန်တော်တို့ သိရှိထားပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ တည်ငြိမ်မှန်ကန်တဲ့ အသွင်ကူးပြောင်းမှုအပေါ် နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ နားလည်မှုတွေ မြင့်မားလာနေပြီဖြစ်တဲ့အတွက် ယုံကြည်မှုတွေ ဆင့်ပွားဖြစ်ပေါ်လာအောင် ကျွန်တော်တို့ ဆက်လက်ကြိုးပမ်းရဦးမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဗဟိုပြုပြီး ဒီမိုကရေစီခေတ်သစ် စနစ်သစ်ကို ကူးပြောင်းနေတာဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့နိုင်ငံရဲ့ ကျွန်တော်တို့ ပြည်သူတွေရဲ့ ထူးခြားချက်ပဲဖြစ်ပါတယ်။

ဒီကနေ့ ဒီအချိန်မှာ ကျွန်တော်တို့အနေနဲ့ စစ်မှန်ခိုင်မာတဲ့ ဒီမိုကရေစီနဲ့ လောကပါလတရားများထွန်းကားတဲ့ နိုင်ငံတော်သစ် တည်ဆောက်နိုင်ပြီလားလို့မေးရင် ကျွန်တော်တို့အများကြီး ကြိုးစားရဦးမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရှေ့ဆက်ပြီး ခြေလှမ်းပေါင်းများစွာ လျှောက်လှမ်းရဦးမှာဖြစ်ပါတယ်။ ဒါဟာ ဒီမိုကရေစီ မြန်မာ့လှူဘောင်ကို တည်တံ့ခိုင်မာရှင်သန်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမယ့် ရေရှည်လုပ်ငန်းစဉ်ကြီးတစ်ရပ်လည်း ဖြစ်ပါတယ်။ (၁)နှစ်ပြည့်ကာလမှာ ကျွန်တော်တို့ အစိုးရအနေနဲ့ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့တာတွေရှိသလို စိန်ခေါ်မှုတွေလည်း အများအပြား တွေ့ကြုံရင်ဆိုင်ခဲ့ရပါတယ်။ လွန်ခဲ့တဲ့ (၁)နှစ်က ကျွန်တော်ပြောခဲ့သလို ကျွန်တော်တို့အစိုးရအပေါ် သံသယရှိနေသူတွေ၊ မယုံ မကြည်ဖြစ်နေသူတွေ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်ဟာ မိဘပြည်သူများအတွက် တကယ့်ကိုဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ၊ စံနမူနာသာဓကပြုဖွယ်ရာ အောင်မြင်တဲ့ကူးပြောင်းမှုကြီးပဲဖြစ်ပါတယ်။ ဒီအခြေအနေကိုရောက်ရှိအောင် ဘယ်သူတွေ ဆောင်ရွက်ခဲ့တာလဲ။ ကျွန်တော်တို့အစိုးရချည်းပဲသက်သက်မဟုတ်ပါဘူး။ နိုင်ငံရေးပါတီတွေ၊ အရပ်ဘက်က လူ့အဖွဲ့အစည်းတွေ၊ လွှတ်တော်အရပ်ရပ်က လွှတ်တော်ကိုယ်စားလှယ်ကြီးတွေ၊ တရားစီရင်ရေးမဏ္ဍိုင်နဲ့ စတုတ္ထမဏ္ဍိုင် မီဒီယာတွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေ၊ တပ်မတော်စတဲ့ သက်ဆိုင်ရာ Stakeholder တွေအားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဦးထမ်း ပဲ့ထမ်း ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။

၂၀၁၂ ခုနှစ် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။

ကြေးမုံစာတည်းရှထောင့် ၂-၃-၂၀၁၂[သောကြာနေ့]။

တစ်လှေတည်းစီး တောင်သူလယ်သမားများ

ယနေ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ တောင်သူလယ်သမားကြီးများအားဂုဏ်ပြုသော တောင်သူလယ်သမားနေ့ ဖြစ်သည်။ ယခင်က တောင်သူလယ်သမားနေ့ကို ဤနေ့ဤရက်ရောက်တိုင်း နှစ်စဉ်ကျင်းပခဲ့သော်လည်း ယခုနှစ်ကျင်းပသည့် တောင်သူလယ်သမားနေ့သည်ကား ပါတီစုံဒီမိုကရေစီစနစ်အရ နိုင်ငံအတွင်းရှိပြည်သူတစ်ရပ်လုံးက ကိုယ်တိုင်ပါဝင်ဆန္ဒပြုပြီး ရွေးချယ်တင်မြှောက်ခဲ့သော သက်တမ်းတစ်နှစ်ပြည့်မြောက်တော့မည့် အစိုးရအဖွဲ့သစ်၏ နိုင်ငံ့တာဝန်ယူခဲ့သည့်ကာလအတွင်း ပထမဆုံးပြုလုပ်သည့် တောင်သူလယ်သမားနေ့ထူးဖြစ်၍ ထူးကဲမွန်မြတ်လှပေသည်။

နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသောလူဦးရေမှာ ကျေးလက်နေပြည်သူများဖြစ်သကဲ့သို့ ကျေးလက်နေပြည်သူအများစုမှာလည်း တောင်သူလယ်သမားများဖြစ်ကြရာ ပြည်သူအများစုအကျိုးကိုရှေးရှုသော အစိုးရအဖွဲ့သစ်အနေဖြင့် အချိန်တိုကာလအတွင်းမှာပင် တောင်သူလယ်သမားအရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည်ကို တွေ့ရပေသည်။ ဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ် ချမှတ်ဆောင်ရွက်ခဲ့ခြင်းသည် တောင်သူလယ်သမားတို့၏ ကျေးလက်နေဘဝ၊ တောင်သူလယ်သမားတို့၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဦးစားပေးဖော်ဆောင်လိုက်ခြင်းဖြစ်သည်။

ထို့အပြင် သီးနှံထွက်ကုန်၊ စိုက်ပျိုးစွမ်းအား၊ ခေတ်မီလယ်ယာ၊ လယ်မြေယာမြေ စသည့် လုပ်ငန်းဆောင်တာများကို ဦးစားပေးအဆင့်အမြင့်ဆုံးထားပြီး ဆောင်ရွက်ပေးနေသည်များကို မြင်တွေ့ရသည်မှာ ကျေးလက်နေပြည်သူများနှင့် တောင်သူလယ်သမားများအတွက် ဝမ်းမြောက်စရာဖြစ်ပါသည်။ ထိုသို့ အကောင်အထည်ဖော်ရာမှာ တိုတောင်းလှသည့် အစိုးရသက်တမ်းကာလအတွင်း မြေစမ်းခရမ်းပျိုးဆောင်ရွက်ရသဖြင့် ခက်ခဲနက်နဲသည်မှာ အမှန်ပင်ဖြစ်ပါသည်။

ထို့ကြောင့် အစိုးရချည်းဆောင်ရွက်၍မရဘဲ ပုဂ္ဂလိကနှင့်လက်တွဲပူးပေါင်းဆောင်ရွက်ရသည့်နည်းလမ်းသစ်များ၊ ဆင်းရဲနွမ်းပါးသည့် ကျေးလက်ပြည်သူများအား ထောက်ပံ့ကူညီမှုများ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများ စသည့်လုပ်ငန်းများတွင် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ အကူအညီဖြင့် ဆောင်ရွက်ပေးမှုများ၊ လယ်ယာကဏ္ဍပြင်ပ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာအောင် ဆောင်ရွက်ပေးမှုများမှာ တောင်သူလယ်သမားများဘဝအတွက် အားတက်ဖွယ်ရာများပင် ဖြစ်သည်။

ရှေးယခင်က တောင်သူလယ်သမားဘိုးဘွားများ ပညာမရှိ၍ လယ်လုပ်သည်ဆိုသည့် အတွေးအခေါ် အယူအဆဟောင်းကို ပြောင်းလဲပြီး ပညာတတ်၍ လယ်လုပ်သည်ဆိုသည့် အယူအဆသစ်ဖြင့် တောင်သူလယ်သမားတို့၏ လူနေမှုဘဝနှင့် နိုင်ငံတော်၏လယ်ယာကဏ္ဍ အရှိန်အဟုန်မြင့်တင် ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ပေးမှုများမှာ လယ်ယာကဏ္ဍအတွက် အတွေးသစ် အမြင်သစ်များသာ ဖြစ်သည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မပျက် ဆက်လက်တိုးတက်စေရန် အစိုးရအဖွဲ့သစ်၏ ဆောင်ရွက်ပေးမှုများသည် ယနေ့ တောင်သူလယ်သမားဦးကြီးများအတွက် ဦးစားပေးဆောင်ရွက်ပေးမှုများသာ ဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီနိုင်ငံတော်သစ်တွင် တောင်သူလယ်သမားများအပါအဝင် ပြည်ထောင်စုသားအားလုံးက တစ်လှေတည်းစီး တစ်ခရီးတည်းသွားပြီး တက်ညီလက်ညီပါဝင်ဆောင်ရွက်ကြဖို့ပင် ဖြစ်သည်။ ။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော် လေတပ်ဦးစီးချုပ်အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် လေတပ်ဦးစီးချုပ် Air Chief Marshal Itthaporn Subhawong အား လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးတို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် လေတပ်ဦးစီးချုပ် Air Chief Marshal Itthaporn Subhawong နှင့်အတူ Air Vice Marshal Chaiyapruk Didyasarin၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံလေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူတို့ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်လဲလှယ်ကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် လေတပ်ဦးစီးချုပ် Air Chief Marshal Itthaporn Subhawong အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂-၃-၂၀၁၂ (သောကြာနေ့)

၇း၁၀	တရားတော်
၈း၁၅	ဇာတ်လမ်းတို
၄း၂၀	ဇာတ်လမ်းတို
၄း၄၅	အိုင်စီတီသုတ
၅း၃၀	လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ်
၆း၃၀	‘ရွှာ’ဟာသဇာတ်လမ်းတွဲ **(အပိုင်း-၁၃၈) “မွှေချက်ကယ်နာ”** (ကျော်ဇေသော်၊ ပန်းသော်တာနှင့် သရုပ်ဆောင်များ)
၆း၄၅	စောင့်မျှော်ရှုစား
	ကြိုးဝိုင်းစကား
၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သစ္စာစေတမန်(အပိုင်း-၂၂)**
	-ယနေ့ရန်ကုန်မြင်ကွင်းစုံ
	-သံစဉ်များနှင့်ကမ္ဘာ
	-ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	-တောင်သူလယ်သမားနေ့ ဂုဏ်ပြု ရုပ်မြင်သံကြားဇာတ်လမ်း -မြစိမ်းရောင်ကောင်းကင်သစ်
	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သမုဒယနှောင်ကြိုး(အပိုင်း-၈)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁ - ၃ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၅၈၅၀	၀. ၀၃၂၇၀
တရုတ် (ယွမ်)	၆. ၂၉၉၅၁	၀. ၁၅၈၇၄
အိန္ဒိယ (ရူပီး)	၄၉. ၂၁၉၈	၀. ၀၂၀၃၇
မလေးရှား (ရင်းဂစ်)	၃. ၀၀၃၄၂	၀. ၃၃၂၉၅
စင်ကာပူ (ဒေါ်လာ)	၁. ၂၄၉၉၆	၀. ၈၀၀၀၃
ဂျပန် (ယန်း)	၈၁. ၁၀၃၇	၀. ၀၁၂၃၃
တောင်ကိုရီးယား(ဝမ်)	၁၁၁၇. ၆၁	၀. ၀၀၀၈၉
ယူရို	၀. ၇၅၁၁၆	၁. ၃၃၁၂၈
ဗြိတိသျှ (ပေါင်)	၀. ၆၂၇၁၅	၁. ၅၉၄၆၈

အင်တာနက်။

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း ထိုင်းဘုရင့်တပ်မတော် လေတပ်ဦးစီးချုပ်နှင့်တွေ့ဆုံ

နေပြည်တော် မတ် ၁

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမ၌ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် လေတပ်ဦးစီးချုပ် Air Chief Marshal Itthaporn Subhawong နှင့်တွေ့ဆုံသည်။**(ယာပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်အတူ စစ်ဦးစီးအရာရှိချုပ်(လေ)၊ တောင်ငူလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံလေတပ်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပန်းဘဲတန်းမြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက်က ကျင်းပရာ မြို့နယ်အဆင့် ကျောင်းကျန်းမာရေး စံပြဆုရရှိခဲ့သည့် အမက(၂) ပန်းဘဲတန်း၏ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်စန်းနွဲ့အား မြို့နယ်ပညာရေးမှူး ဒေါ်ခင်မမ ဆုချီးမြှင့်စဉ်။

(ပညာရေး)

ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ဖွင့်မည်

ရန်ကုန် မတ် ၁

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် ဗဟန်း(၂)လမ်းထောင့်ရှိ ပြည်ထောင်စုရွှေနေချုပ်ရုံးဓမ္မာရုံ၌ ပြည်ထောင်စုရွှေနေချုပ်ရုံး ဥပဒေရုံးများဆိုင်ရာ ဗုဒ္ဓဘာသာသာသနာနုဂ္ဂဟအသင်းက ကြီးမှူး၍ အသက်(၉)နှစ်မှ (၁၄)နှစ်အရွယ် ကျောင်းသားလူငယ်များအတွက် ကောဒသမအကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို မတ် ၁၆ ရက်မှ ၃၁ ရက်အထိ နံနက် ၇ နာရီမှ ၈ နာရီခွဲအတွင်း ဓမ္မဒါနအဖြစ် ဖွင့်လှစ်မည်ဖြစ်ရာ အဆိုပါဓမ္မာရုံ၌ မတ် ၉ ရက်မှ ၁၅ ရက်အထိ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအတွင်း ဓာတ်ပုံ(၂)ပုံ၊ အိမ်ထောင်စုစာရင်း (သို့မဟုတ်)မှတ်ပုံတင်မိတ္တူနှင့်အတူ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ဖုန်း-၃၈၃၉၆၄၊ ၆၄၀၃၅၈၊ ၃၈၄၇၉၆ နှင့် ၀၉-၅၀၄၅၂၀၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (သတင်းစဉ်)

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

☆ ရှေ့ဖုံးမှ

ပြည်တွင်းမှာရော၊ ပြည်ပမှာပါ အများကြီးရှိနေတဲ့အတွက် ကျွန်တော်တို့ ကြိုးစားပြီး လုပ်ဆောင်နေပါတယ်။ **ကျွန်တော်တို့ မိဘပြည်သူတွေဟာ ခေတ်အဆက်ဆက်၊ အစိုးရ စနစ်မျိုးစုံကို တွေ့ကြုံခံစားခဲ့ကြသူတွေဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ လက်တွေ့ လုပ်ဆောင်ချက်တွေ၊ ပကတိအခြေအနေမှန်တွေကိုကြည့်ပြီး ကျွန်တော်တို့အစိုးရဟာ ဘယ်လိုအစိုးရမျိုးဖြစ်သလဲဆိုတာ အကဲဖြတ်ကြမှာဖြစ်သလို ဒီကနေ့ ကျွန်တော်တို့ အစိုးရဆောင်ရွက်နေတာဟာ နိုင်ငံတော်နဲ့ ပြည်သူတွေရဲ့ အနာဂတ်သမိုင်းကြောင်း အတွက် အထူးပဲအရေးကြီးလှတဲ့ လမ်းကြောင်းသစ်အပေါ်မှာ လျှောက်လှမ်းနေရ တယ်ဆိုတာကိုလည်း ကျွန်တော်တို့ လေးလေးနက်နက် သိရှိနားလည်ခံယူထားပြီး ဖြစ်ပါတယ်။**

ကျွန်တော်တို့အစိုးရဟာ နောင်လာမယ့်နှစ်ပေါင်းများစွာအတွက် အရေးကြီးတဲ့ အလှည့်အပြောင်းဖြစ်သလို အနာဂတ်သားစဉ်မြေးဆက်အတွက်လည်း သမိုင်းတွင် မယ့် စတင်ခြင်းအသစ် ဖြစ်လိမ့်မယ်ဆိုတာကို ကျွန်တော်တို့ ခံယူထားပါတယ်။ ဒီကနေ့ ကျွန်တော်တို့အစိုးရရဲ့ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်အောင်မြင်မှု၊ ခိုင်မာမှု၊ ရေရှည် တည်တံ့မှုအပေါ် မူတည်ပြီး နောင်အစိုးရ အစဉ်အဆက် ကောင်းမွေ၊ ဆိုးမွေ ခံစား ကြရမယ်ဆိုတာကိုလည်း ကျွန်တော်တို့ အလေးအနက် ခံယူထားပြီး ဖြစ်ပါတယ်။ နိုင်ငံတော် တည်ဆောက်ရေးဆိုရာမှာ ယခုလို ခေတ်တစ်ခေတ်ကနေ ခေတ်သစ် တစ်ရပ်ကို၊ စနစ်တစ်ခုကနေ စနစ်သစ်တစ်ခုကို ကူးပြောင်းနိုင်ရေးဆောင်ရွက်ရာမှာ တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ စနစ်တကျနဲ့ ခိုင်ခိုင်မာမာရှိမှုတို့ဟာ သိပ်ကိုအရေးကြီးပါတယ်။ မျက်မှောက်ခေတ် ကမ္ဘာ့ရေးရာအခြေအနေများနဲ့ နှိုင်းယှဉ်ကြည့်ရင် **ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုဖြစ်စဉ်ဟာ မိဘ ပြည်သူများအတွက် တကယ့်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ၊ စံနမူနာ သာဓကပြုဖွယ်ရာ အောင်မြင်တဲ့ ကူးပြောင်းမှုကြီးပဲ ဖြစ်ပါတယ်။ ဒီအခြေအနေကို ရောက်ရှိအောင် ဘယ်သူတွေဆောင်ရွက်ခဲ့တာလဲ။ ကျွန်တော်တို့ အစိုးရချည်းပဲသက်သက်မဟုတ်ပါဘူး။ နိုင်ငံရေးပါတီတွေ၊ အရပ်ဘက်က လူ့အဖွဲ့အစည်းတွေ၊ လွှတ်တော်အရပ်ရပ်က လွှတ်တော်ကိုယ်စားလှယ်ကြီးတွေ၊ တရားစီရင်ရေးမဏ္ဍိုင်နဲ့ စတုတ္ထမဏ္ဍိုင် မီဒီယာတွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေ၊ တပ်မတော်စတဲ့ သက်ဆိုင်ရာ Stakeholder တွေ အားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဦးထမ်းပဲ့ထမ်းဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။** အဓိကအကျဆုံးကတော့ ကျွန်တော်တို့ရဲ့ နိုင်ငံသူ နိုင်ငံသား တိုင်းရင်း သား မိဘပြည်သူတွေပဲ ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းကြောင်းမှာ အစဉ်အမြဲ မော်ကွန်းတင်ကျန်ရစ်မယ့် သမိုင်းစာမျက်နှာအသစ်လည်းဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ တစ်ကမ္ဘာလုံးက စောင့်ကြည့်မှုတွေကြားမှာ မြန်မာ့ ဒီမိုကရေစီခေတ်သစ်ကို လမ်းဖွင့်ပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူတွေ အားလုံး တက်ညီလက်ညီဖော်ဆောင်ခဲ့တဲ့ ဒီလမ်းကြောင်းမှန်မှာ ဆက်လက်လျှောက် လှမ်းကြရမှာ ဖြစ်ပါတယ်။ နိုင်ငံသားအားလုံး နောက်ကြောင်း ပြန်မလှည့်စတမ်း လျှောက်လှမ်းပြီး မတူညီတာတွေဖယ်ထားပြီး တူညီတာတွေ ပူးပေါင်းလုပ်ကိုင်သွားကြ မယ်ဆိုရင် ကျွန်တော်တို့ ဒီမိုကရေစီဟာလည်း ခိုင်မာသည်ထက် ခိုင်မာလာမှာဖြစ်ပါ တယ်။

နာယကကြီးခင်ဗျား-

ကျွန်တော်တို့အစိုးရ စတင်တာဝန်ယူခဲ့ချိန်မှာပဲ မိဘပြည်သူတွေအားလုံး လိုလား တောင့်တနေခဲ့တဲ့ အဓိကဆန္ဒ(၂)ရပ်ကို ဖြည့်ဆည်းနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ **ပထမဆန္ဒ**က ကျွန်တော်တို့ ပြည်သူတွေဟာ တည်တည်ငြိမ်ငြိမ်

ကျွန်တော်တို့တိုင်းရင်းသားတွေ ခံစားနေကြရတဲ့ ခါးသီးတဲ့ဒဏ်ရာတွေ၊ စူးနစ်တဲ့အတွေ့အကြုံတွေ၊ ပျောက်ဆုံးနေတဲ့ အိပ်မက်တွေ ကျွန်တော်တို့အားလုံး ဖြည့်ဆည်းပေးဖို့ တာဝန်ရှိပါတယ်။ ဒါဟာ ကျွန်တော်တို့အားလုံးအတွက် သမိုင်းပေးတာဝန်တစ်ရပ်လည်းဖြစ်ပါတယ်။ အဲဒီတော့ ဒီတာဝန်ကြီးဟာ ကျွန်တော်တို့အတွက် ခက်ခဲကြီးလေးတဲ့ တာဝန်ကြီးဖြစ်မယ်ဆိုတာလည်း ကျွန်တော်တို့ သိရှိနားလည် ထားပါတယ်။ ဒါပေမယ့် ဒီတာဝန်ကြီးကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ကျွန်တော်တို့မှာ ယုံကြည်ချက် အပြည့်အဝရှိပါတယ်။ အခုဆိုရင် တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ ထိတွေ့ ဆက်ဆံပြီးတဲ့အချိန်မှာ ဒီယုံကြည်ချက်ဟာ ပိုပိုပြီး ခိုင်မာလာပြီ ဖြစ်ပါတယ်။

အေးအေးချမ်းချမ်းနဲ့ နေထိုင်လိုကြပါတယ်။ မိဘပြည်သူတွေရဲ့ ဒီဆန္ဒကို အခြေခံပြီး အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊ ထာဝရငြိမ်းချမ်းရေး ဆောင်ကြဉ်းရေးစတဲ့ နိုင်ငံရေး လုပ်ငန်းစဉ်တွေကို ကျွန်တော်တို့ အလေးပေးပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါ တယ်။ မြန်မာ့နိုင်ငံရေးလုပ်ငန်းစဉ်မှာ ပါဝင်သင့် ပါဝင်ထိုက် ပါဝင်နိုင်သူတွေအားလုံး ပါဝင်ခွင့်ရရှိရေးဆိုတဲ့ All Inclusive Political Process ကို ကျွန်တော်တို့ ကြိုးပမ်း တည်ဆောက်ခဲ့ပါတယ်။ ဒီကနေ့ဆိုရင် ကျွန်တော်တို့တည်ဆောက်ခဲ့တဲ့၊ ကျွန်တော်တို့ ကြိုးပမ်းခဲ့တဲ့ နိုင်ငံရေးလုပ်ငန်းစဉ်ဟာ သိသိသာသာ အကောင်အထည်ပေါ်လာစ ပြုနေပြီ ဖြစ်ပါတယ်။ ဒီလမ်းကြောင်းမှန် ပေါ်ထွန်းလာစေဖို့ ပြည်သူလူထု တစ်ရပ် လုံးရဲ့ဆန္ဒ၊ ကျွန်တော်တို့အစိုးရရဲ့ စစ်မှန်တဲ့စေတနာ၊ နိုင်ငံနဲ့ပြည်သူ လူထုအကျိုးကို ဦးထိပ်ထားတဲ့ခံယူချက် ဒါတွေနဲ့ ကျွန်တော်တို့ လျှောက်လှမ်းခဲ့တာဖြစ်ပါတယ်။ ယခု ဆိုရင် ပြည်တွင်းနိုင်ငံရေး အင်အားစုအားလုံးဟာ အခြေခံဥပဒေ မူဘောင်အတွင်း ကနေ ဒီမိုကရေစီ ကျင့်စဉ်တွေကို လိုက်နာကျင့်သုံးပြီး ပြည်သူ့ကိုယ်စားလှယ်တွေအဖြစ် ပါဝင်ဆောင်ရွက်နိုင်ဖို့ စိတ်အားထက်သန်စွာ ကြိုးပမ်းလာကြတာကိုလည်း ဝမ်းမြောက် ဖွယ်ရာ မြင်တွေ့နေရပြီဖြစ်ပါတယ်။

အလားတူပဲ အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေးနဲ့ နိုင်ငံတည်ဆောက် ရေးမှာ အားလုံးပါဝင်ခွင့်ရရှိရေးအတွက် ရည်ရွယ်ပြီး ကျွန်တော်တို့အစိုးရရဲ့ (၁)နှစ်တာကာလသက်တမ်းအတွင်းမှာ အကျဉ်းသားပေါင်း နှစ်သောင်းရှစ်ထောင် ကျော်ကို လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါဟာ သမိုင်းတစ်လျှောက်ပြန် ကြည့်ရင် (၁)နှစ်အတွင်း လွတ်ငြိမ်းချမ်းသာခွင့် အကြိမ်ရေ အများဆုံးပေးခဲ့တဲ့ မှတ်တမ်း အသစ်လည်းဖြစ်ပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် ကြားဖြတ်ရွေးကောက်ပွဲမှာ အားလုံးပါဝင်ခွင့်ရရှိရေးကို မျှော်မှန်းပြီး ဇန်နဝါရီလအတွင်းမှာ (၂)ကြိမ်တိုင်တိုင် ဆောင်ရွက်ပေးခဲ့တာလည်းဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပနိုင်ငံတွေမှာ ရောက်ရှိနေကြတဲ့ မြန်မာနိုင်ငံသားတွေကိုလည်း လမ်းဖွင့်ကြိုဆိုဖိတ်ခေါ်ခဲ့တာနဲ့အညီ နယ်ပယ်အသီးသီးမှာ ရောက်ရှိနေကြတဲ့ ပြည်ပရောက် မြန်မာတွေဟာလည်း တက်တက်ကြွကြွ စိတ်အားထက်သန်စွာနဲ့ တတ်နိုင်သမျှ ဝိုင်းဝန်းကူညီဆောင်ရွက်လာ ကြတာကိုလည်း ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရပါတယ်။ ဒီမိုကရေစီနိုင်ငံရေးစနစ် ခိုင်မာ ရင့်သန်ဖို့ ခိုင်မာတောင့်တင်းတဲ့ နိုင်ငံရေးမျိုးဆက်သစ်တွေ လိုအပ်ပါတယ်။ မျိုးဆက် သစ်၊ မျိုးဆက်ဟောင်းအားလုံး Common Ground ရှာဖွေနိုင်ပြီး စုပေါင်းစွမ်းအားနဲ့ နိုင်ငံတည်ဆောက်သွားနိုင်ရေးဟာ ကျွန်တော်တို့ နိုင်ငံတော်နဲ့ နိုင်ငံသားအားလုံးရဲ့ အနာဂတ်နဲ့ တိုက်ရိုက်ဆက်စပ်လျက်ရှိနေပါတယ်။

ကျွန်တော်တို့ လျှောက်လှမ်းနေတဲ့ All Inclusive Political Process မှာ ခေတ်အဆက်ဆက်က အခွင့်အရေးတွေ တောင်းဆိုနေကြတဲ့ ကျွန်တော်တို့ရဲ့ တိုင်းရင်း သားတွေ ပါဝင်နိုင်ဖို့ အရေးကြီးဆုံးဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ပြည်ထောင်စု နိုင်ငံတစ်နိုင်ငံ ဖြစ်တာနဲ့အညီ ဒီနိုင်ငံရေးလမ်းစဉ်မှာ တိုင်းရင်းသားတွေအားလုံး တန်းတူရည်တူ ပါဝင်ခွင့်ရရှိဖို့ မဖြစ်မနေ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော် တို့ သွေးရင်းညီအစ်ကို တိုင်းရင်းသားတွေရဲ့ ခေတ်အဆက်ဆက် အကောင်အထည် မပေါ်ခဲ့တဲ့ အိပ်မက်၊ လွင့်ပြယ်ပျောက်ပျက်ခဲ့ရတဲ့ မျှော်လင့်ချက်တွေလည်း ဖြစ်ပါတယ်။ တစ်ဖက်နဲ့တစ်ဖက် ထိတွေ့ဆက်ဆံမှုတွေကင်းဝေးပြီး အထင်အမြင်လွဲမှားခဲ့တာတွေ ကျွန်တော်တို့ အစိုးရလက်ထက်မှာ အဆုံးသတ်ပေးနိုင်ဖို့ လိုပါတယ်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းအစရှိတဲ့ တိုင်းရင်းသားများနည်းတူ ဗမာဆိုတာဟာလည်း ပြည်ထောင်စုကြီးထဲက တိုင်းရင်းသားလူမျိုးစုတစ်ခုပဲ ဖြစ်ပါတယ်။ သာတူညီမျှ အခွင့်အရေးကို အားလုံးမျှဝေရရှိပြီး တန်းတူရည်တူဖြစ်ပေါ်လာဖို့ဆိုတဲ့ တိုင်းရင်းသား တွေရဲ့ မျှော်မှန်းချက်ဟာ ကျွန်တော်တို့အစိုးရရဲ့ လိုလားချက်လည်း ဖြစ်ပါတယ်။ ဒီကနေ့မှာ အလျဉ်းသင့်လို့ တိုင်းရင်းသားခေါင်းဆောင်တစ်ဦး မကြာသေးခင်က ပြောခဲ့တဲ့ စကားလေး ကျွန်တော်ပြောပြချင်ပါတယ်။ (၁၈)နှစ်၊ (၁၉)နှစ် အရွယ်ရှိတဲ့ လက်နက်ကိုင်တိုင်းရင်းသားလူငယ်တွေက ပြောကြတယ်၊ **ကျွန်တော်တို့လည်း လက်ပ်တော့တွေ၊ ကွန်ပျူတာတွေကိုင်ချင်တယ်**ဆိုတဲ့စကား ဖြစ်ပါတယ်။ ကျွန်တော်တကယ့် ကိုပဲ စိတ်မကောင်းဖြစ်ရပါတယ်။ ကျွန်တော် အခိုင်အမာ သန္နိဋ္ဌာန်ချထားပါတယ်။ ကျွန်တော်တို့ အစိုးရလက်ထက်မှာ ဒီလိုမယုံမရဲ ဖြစ်နေတဲ့ စိုးရိမ်မှုတွေ မပျောက် ပျောက်အောင် ဖျောက်ပစ်ရပါမယ်။ ဒါဟာကျွန်တော်တို့ အစိုးရရဲ့ ခံယူချက်လည်း ဖြစ်ပါတယ်။ **ကျွန်တော်တို့ တိုင်းရင်းသားတွေ ခံစားနေကြရတဲ့ ခါးသီးတဲ့ဒဏ်ရာ တွေ၊ စူးနစ်တဲ့အတွေ့အကြုံတွေ၊ ပျောက်ဆုံးနေတဲ့အိပ်မက်တွေ ကျွန်တော်တို့ အားလုံး ဖြည့်ဆည်းပေးဖို့ တာဝန်ရှိပါတယ်။ ဒါဟာ ကျွန်တော်တို့အားလုံးအတွက် သမိုင်းပေး တာဝန်တစ်ရပ်လည်းဖြစ်ပါတယ်။ အဲဒီတော့ ဒီတာဝန်ကြီးဟာ ကျွန်တော်တို့အတွက် ခက်ခဲကြီးလေးတဲ့ တာဝန်ကြီးဖြစ်မယ်ဆိုတာလည်း ကျွန်တော်တို့ သိရှိနားလည် ထားပါတယ်။ ဒါပေမယ့် ဒီတာဝန်ကြီးကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ကျွန်တော် တို့မှာ ယုံကြည်ချက် အပြည့်အဝရှိပါတယ်။ အခုဆိုရင် တိုင်းရင်းသားခေါင်းဆောင်တွေ နဲ့ ထိတွေ့ဆက်ဆံပြီးတဲ့အချိန်မှာ ဒီယုံကြည်ချက်ဟာ ပိုပိုပြီး ခိုင်မာလာပြီဖြစ်ပါတယ်။**

ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေးမှာ ယုံကြည်မှု ဟာ သိပ်ကိုအရေးကြီးပါတယ်။ ဒီကနေ့ ကျွန်တော်တို့အစိုးရအနေနဲ့ ထာဝရငြိမ်းချမ်း ရေး ပန်းတိုင်ကို လျှောက်လှမ်းနေတဲ့ခရီးလမ်းမှာ ကျွန်တော်တို့မှာ ပရိယာယ်တွေ မရှိပါ ဘူး။ ကျွန်တော်တို့ ပင်လုံစိတ်ဓာတ်ကိုအခြေခံတဲ့ ယုံကြည်မှုနဲ့ပဲ ဆောင်ရွက်သွားမှာဖြစ် ပါတယ်။ ကချင်တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ ပတ်သက်ပြီး ပြည်တွင်းပြည်ပက မေးမြန်းကြတာတွေရှိပါတယ်။ မိဘပြည်သူတွေလည်း သိချင်နေကြပါလိမ့်မယ်။ ကျွန်တော်ကိုယ်တိုင် တပ်မတော်ကို မိမိကိုယ်ကို ခုခံကာကွယ်ရုံကလွဲပြီး ထိုးစစ်ဆင် တိုက်ခိုက်မှုတွေမလုပ်ဖို့ ညွှန်ကြားထားပြီးတဲ့အနေအထားမှာ ဘာဖြစ်လို့ ပစ်ခတ် တိုက်ခိုက်မှုတွေ မရပ်သေးတာလဲဆိုတဲ့မေးခွန်းပဲ ဖြစ်ပါတယ်။ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်တိုင် လက်အောက်ခံတပ်ရင်း၊ တပ်ဖွဲ့တွေကို ဆက်လက်ညွှန်ကြားပြီးလည်း ဖြစ်ပါတယ်။ တပ်မတော်မှာ အမိန့်နဲ့ညွှန်ကြားချက်ဟာ အသက်သွေးကြောဖြစ်ပါတယ်။ ယနေ့မပြီးပြတ်သေးတဲ့ တိုက်ပွဲတွေနဲ့ ပတ်သက်ပြီး တစ်ဖက်နဲ့တစ်ဖက် လက်ညှိုးထိုး အပြစ်တင်ရုံနဲ့ ပစ်ခတ်တိုက်ခိုက်မှုတွေ ရပ်စဲသွားမှာ မဟုတ်ပါဘူး။ နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်းနိုင်ဖို့အတွက် ပထမဦးဆုံး နှစ်ဦးနှစ်ဖက် ပစ်ခတ်တိုက်ခိုက်မှုတွေ ရပ်စဲဖို့လိုပါတယ်။ ဒီအတွက် ပစ်ခတ်တိုက်ခိုက်မှုတွေ ရပ်စဲကြမယ်ဆိုတဲ့ ခိုင်မာတဲ့ အာမခံချက်၊ ကတိကဝတ်တွေ အပြန်အလှန်ထားရှိဖို့ လိုပါတယ်။ ပြည်သူတွေရဲ့ ဆန္ဒ၊ ပြည်သူတွေရဲ့ မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးဖို့ဟာ ကျွန်တော်တို့အစိုးရနဲ့ ကချင် တိုင်းရင်းသားခေါင်းဆောင်တွေရဲ့ တာဝန်လည်းဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ စစ်ဘေးသင့် တိုင်းရင်းသားပြည်သူတွေအတွက် ထောက်ပံ့ကူညီမှုတွေ၊ ပြန်လည်နေရာ ချထားရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေသလို ပြည်တွင်း ပြည်ပနဲ့ နိုင်ငံတကာ အဖွဲ့ အစည်းတွေက ပံ့ပိုးကူညီနိုင်အောင်လည်း လမ်းဖွင့်ဆောင်ရွက်ပေးနေပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ ထာဝရငြိမ်းချမ်းရေးအတွက် အဆင့်(၃)ဆင့်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေတာဖြစ်ပါတယ်။ **ပထမအဆင့်**ဟာ ပြည်နယ် အဆင့်တွေ့ဆုံဆွေးနွေးဖို့ ဖြစ်ပါတယ်။ ပြည်နယ်အဆင့်မှာ နှစ်ဖက်ရန်လိုမှုတွေနဲ့ ပစ်ခတ်တိုက်ခိုက်မှုတွေရပ်စဲဖို့၊ နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘောတူထားတဲ့ နယ်မြေဒေသ တွေမှာပဲ နေထိုင်ကြဖို့၊ ယင်းသတ်မှတ်နေရာမှအပ ကျန်နေရာဒေသများကို သွားရောက် လိုလျှင် လက်နက်ကိုင်ဆောင်ခြင်းမပြုဘဲ သွားလာဖို့၊ နှစ်ဖက်ညှိနှိုင်းသဘောတူထား သည့်နေရာများမှာ ဆက်ဆံရေးရုံးတွေဖွင့်လှစ်ထားရှိဖို့၊ ပြည်ထောင်စုအဆင့် ဆွေး နွေးပွဲကျင်းပပြုလုပ်မယ့်နေရာ၊ အချိန်၊ နေ့ရက်တွေ ညှိနှိုင်းသတ်မှတ်နိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဒီအဆင့်မှာ နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်းမှုတွေ မပါသေးပါဘူး။ ဒီအဆင့်ကို ပြီးမြောက် အောင်မြင်ဖို့ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားတဲ့ စိတ်ရင်းစေတနာပဲ လိုအပ်မှာ ဖြစ်ပါတယ်။ ပစ်ခတ်တိုက်ခိုက်မှုတွေရပ်စဲပြီး နိုင်ငံရေးဆွေးနွေးဖို့ နှစ်ဦးနှစ်ဖက် သဘောတူလိုက်တဲ့ အနေအထားပဲဖြစ်ပါတယ်။

ဒုတိယအဆင့်ကတော့ ပြည်ထောင်စုအဆင့်ပဲဖြစ်ပါတယ်။ ဒီအဆင့်မှာ ဆွေးနွေးရမယ့်အချက်တွေကတော့ ပြည်ထောင်စုကနေ ဘယ်တော့မှ ခွဲမထွက်ဖို့၊ ဒို့တာဝန်အရေးသုံးပါးကို လက်ခံဖို့၊ စီးပွားရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ နှစ်ဖက်ပူးပေါင်းဆောင်ရွက်ဖို့၊ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတတ်တဲ့ ဆေးဝါး များ တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ဖို့၊ နိုင်ငံရေးပါတီများ ထူထောင်ပြီး နိုင်ငံရေး လုပ်ငန်းစဉ်တွေမှာ ပါဝင်ဆောင်ရွက်ဖို့၊ လွှတ်တော်တွင်းရောက်ရှိလာလျှင် အခြား သော တိုင်းရင်းသားများနှင့် အကျေအလည်ဆွေးနွေးညှိနှိုင်းပြီး ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပြင်ဆင်ဖို့၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တစ်ခုတည်းသော လက်နက် ကိုင်တပ်မတော်အဖြစ် ရပ်တည်ရေးညှိနှိုင်းဆောင်ရွက်ဖို့ စတဲ့အချက်တွေပဲဖြစ်ပါတယ်။ ဒီအချက်တွေကို နှစ်ဦးနှစ်ဖက် ညှိနှိုင်းပြီး သဘောတူညီချက်ရရှိပြီဆိုရင် တတိယအဆင့် ကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

တတိယအဆင့်မှာတော့ နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားခေါင်းဆောင်တွေ၊ နိုင်ငံရေးပါတီနဲ့ နိုင်ငံရေးအင်အားစုတွေ၊ ပြည်သူ့ကိုယ်စားလှယ်တွေစတဲ့ နိုင်ငံတော်မှာ ရှိတဲ့ အဓိကကျတဲ့ Political Player တွေအားလုံးပါဝင်တဲ့ ဤလွှတ်တော်ကြီးမှာ သဘောတူလက်မှတ်ရေးထိုးကြဖို့ ဖြစ်ပါတယ်။ ဤလွှတ်တော်ကြီးအတွင်းမှာပဲ ထာဝရ ငြိမ်းချမ်းရေးကို မဖြစ်မနေ ဆောင်ကြဉ်းမယ့် သန္နိဋ္ဌာန်ကို ကျွန်တော်တို့အားလုံး ဝမ်းမြောက်ဝမ်းသာ စိုက်ထူကြရမှာဖြစ်ပါတယ်။ ဒီလိုထာဝရငြိမ်းချမ်းရေးပန်းတိုင်ကို တက်လှမ်းကြရာမှာ နိုင်ငံတော်လည်း ပန်းတိုင်ရောက်၊ တိုင်းရင်းသားတွေလည်း ပန်းတိုင်ရောက်၊ နိုင်ငံသားအားလုံးလည်း ပန်းတိုင်ရောက်စေဖို့ အပြန်အလှန် နားလည် ယုံကြည်မှု၊ တန်းတူရည်တူရှိမှု၊ ဖွံ့ဖြိုးတိုးတက်မှုဆိုတဲ့ ဒေါက်တိုင်ကြီး(၃)ရပ်နဲ့ တည်ဆောက်သွားကြရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို အများဆန္ဒနဲ့ သဘောတူပြင်ဆင်ပြီး မိမိတို့ရဲ့လိုလားချက်တွေရရှိအောင် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

ဒီအဆင့်(၃)ဆင့်ဟာ **ထာဝရငြိမ်းချမ်းရေးဖော်ဆောင်မယ့် နိုင်ငံတော်ရဲ့ လမ်းပြမြေပုံ**ပဲဖြစ်ပါတယ်။ ဒီလမ်းပြမြေပုံကို လက်တွေ့အကောင်အထည်ဖော်ရာမှာ အခြေခံအဆောက်အအုံတွေ၊ စီးပွားရေးအခွင့်အလမ်းတွေ၊ စက်မှုဇုန်တွေ၊ ပြန်လည် နေရာချထားမှုနဲ့ ပြန်လည်ထူထောင်တည်ဆောက်မှုတွေ၊ ပညာရေး၊ ကျန်းမာရေး စတဲ့ လူမှုအဆောက်အအုံတွေ စတဲ့ နည်းဗျူဟာများစွာ ပါဝင်နေမှာဖြစ်ပါတယ်။ **ထာဝရ ငြိမ်းချမ်းရေး အရိပ်အာဝါသအောက်ကို ရောက်ရှိလာတဲ့ ကျွန်တော်တို့တိုင်းရင်းသား တွေ သိက္ခာရှိရှိ ရပ်တည်နိုင်တဲ့အထိ ကျွန်တော်တို့အစိုးရနဲ့အတူ တိုင်းရင်းသားခေါင်း ဆောင်တွေ၊ နိုင်ငံရေးပါတီတွေ၊ ပြည်သူ့ကိုယ်စားလှယ်တွေ၊ အရပ်ဘက်လူ့အဖွဲ့အစည်း တွေအားလုံး ပူးပေါင်းဆောင်ရွက်သွားကြဖို့** စာမျက်နှာ ၄ ကော်လံ ၁ သို့ ◆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၇)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

◆ စာမျက်နှာ ၃ မှ

လိုအပ်ပါတယ်။ သေနတ်ကိုင်ခဲ့တဲ့ ကျွန်တော်တို့တိုင်းရင်းသားလူငယ်တွေ လက်ပ်တော့ကိုင်ပြီး ထည်ထည်ဝါဝါရပ်တည်နေနိုင်ဖို့ ကျွန်တော်တို့အားလုံးဝိုင်းဝန်းကြိုးပမ်းသွားကြရမှာဖြစ်ပါတယ်။ ဒီလိုကြိုးပမ်းတဲ့နေရာမှာ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ၊ ထောက်ပံ့ကူညီမှုတွေ ဖိတ်ခေါ်ကြိုဆိုပြီး ဘက်စုံထောင့်စုံဖြည့်ဆည်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရရဲ့ ခံယူချက်ဖြစ်တဲ့ တန်းတူညီမျှရေးနဲ့အညီ တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော် မှီတင်းနေထိုင်ကြတဲ့ ကျွန်တော်တို့ပြည်ထောင်စုကြီးဟာ ဒီ Diversity ကြန်အင်လက္ခဏာတွေကို ဂုဏ်ယူဝင့်ကြွားစွာ မြှင့်တင်ပေးရမှာဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရဟာ ပြည်သူလူထုက ရွေးကောက်တင်မြှောက်လိုက်တဲ့ ပြည်သူ့အကျိုး ထမ်းဆောင်ရမယ့်ပြည်သူ့အစိုးရဖြစ်တာနဲ့အညီ မိဘပြည်သူအားလုံး လိုလားတောင့်တနေခဲ့တဲ့ အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေးဆိုတဲ့ သမိုင်းပေးတာဝန်ကြီးကို ကျွန်တော်တို့အားသွန်ခွန်စိုက် ဆောင်ရွက်နေပါတယ်။ မည်သည့် ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းရဲ့ တိုက်တွန်းမှု၊ ဖိအားပေးမှုကြောင့် ဆောင်ရွက်ခဲ့တာ မဟုတ်ပါဘူး။ ကျွန်တော်တို့ပြည်သူတွေရဲ့ ဆန္ဒကို ကျွန်တော်တို့အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

နာယကကြီး ခင်ဗျား-

ထာဝရငြိမ်းချမ်းရေးနဲ့အတူ အရေးကြီးတဲ့ ဦးစားပေးလုပ်ငန်းစဉ်ကတော့ **မြန်မာ့စီးပွားရေး ဦးမော့လာရေး**ပဲဖြစ်ပါတယ်။ **မိဘပြည်သူအားလုံးရဲ့ ဒုတိယဆန္ဒ**ကတော့ ကျွန်တော်တို့နိုင်ငံကို စီးပွားရေးကောင်းမွန်ပြီး ခေတ်မီဖွံ့ဖြိုးတဲ့နိုင်ငံကြီး ဖြစ်လာဖို့ပဲဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရလက်ထက်မှာ နိုင်ငံတော် အခြေအနေနဲ့ ကိုက်ညီတဲ့ ဈေးကွက်စီးပွားရေးစနစ် ပီပီပြင်ပြင်ဖြစ်ပေါ်လာအောင် မက်ခရိုစီးပွားရေး ပြုပြင်ပြောင်းလဲမှုတွေကို ရေတိုရေရှည်လုပ်ငန်းစဉ်တွေချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေတာပဲဖြစ်ပါတယ်။ ကမ္ဘာ့စီးပွားရေးအခြေအနေ မတည်မငြိမ်ဖြစ်နေသေးတဲ့၊ စီးပွားရေးပိတ်ဆို့အရေးယူမှုတွေ ဖယ်ရှားနိုင်ခြင်းမရှိသေးတဲ့၊ ပြည်တွင်း စီးပွားရေးလုပ်ငန်းတွေ ခိုင်မာအားကောင်းပြီး ယှဉ်ပြိုင်နိုင်စွမ်းမရှိသေးတဲ့ ခုလိုအချိန်အခါမှာ နိုင်ငံသားတွေ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ကြရာမှာ အဆင်ပြေလွယ်ကူစေဖို့ ဦးတည်ချက်ထားပြီး လုပ်ငန်းလိုင်စင်တွေ၊ ပို့ကုန်၊ သွင်းကုန်လိုင်စင်တွေ လျင်လျင်မြန်မြန်ရရှိလာအောင် အလေးထားဆောင်ရွက်ခဲ့ပါတယ်။ ပို့ကုန်နဲ့ ဆက်စပ်တဲ့ အခွန်အကောက်တွေကိုလည်း လျှော့ချဖယ်ရှားပေးခဲ့ပါတယ်။ ခေတ်စနစ်နဲ့ မကိုက်ညီတော့တဲ့ နိုင်ငံခြားငွေလဲလှယ်မှုနှုန်းထားကိုလည်း ပြင်ပအခြေအနေနဲ့အညီ ယာယီပြောင်းလဲသတ်မှတ်ပေးခဲ့သလို တစ်ချိန်တည်းမှာပဲ တည်ငြိမ်မှန်ကန်ပြီး နိုင်ငံတော်နဲ့ နိုင်ငံသားတွေကို မထိခိုက်စေတဲ့ ငွေလဲလှယ်မှုနှုန်းထားတစ်ရပ် ရေရှည်ခိုင်ခိုင်မာမာ ထူထောင်နိုင်အောင် ပြည်တွင်း ပြည်ပ ပညာရှင်များ၊ နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများနဲ့ နီးနီးကပ်ကပ် ညှိနှိုင်းတိုင်ပင်ပြီး ဆောင်ရွက်နေပြီဖြစ်ပါတယ်။ မလိုအပ်တဲ့ အပိုကုန်ကျစရိတ်တွေ လျှော့နည်းသက်သာစေအောင် အုပ်ချုပ်ရေးယန္တရားရဲ့ အတားအဆီးတွေကို ဖယ်ရှားပေးခဲ့ရာမှာ ဆန်စပါးလွတ်လပ်စွာ တင်ပို့ခွင့်၊ စက်သုံးဆီဈေးနှုန်း၊ တယ်လီဖုန်းဈေးနှုန်း၊ မော်တော်ကားဈေးနှုန်းတွေ သိသိသာသာကျဆင်း

ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းတွေမှာ လက်ဝါးကြီးအုပ် ခြယ်လှယ်ချုပ်ကိုင်ထားတာတွေ လျှော့နည်းကျဆင်းသွားပြီး နိုင်ငံသားတိုင်း လက်လှမ်းမီ ရယူသုံးစွဲနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံပိုင်လုပ်ငန်းများကို ပုဂ္ဂလိကပိုင်ပြောင်းလဲရာမှာလည်း လူတစ်စုလက်ဝယ်သို့ မရောက်ရှိစေရန်၊ မညီမျှမှုများ မဖြစ်ပေါ်စေရန်၊ စွမ်းရည်မြှင့်တင်မှုကို အဟန့်အတား မဖြစ်စေရန် အဘက်ဘက်က သုံးသပ်ပြီး ဆောင်ရွက်နေပါတယ်။

လာအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဆက်လက်ပြီးလည်း Transactional Cost တွေ လျှော့နည်းကျဆင်းလာအောင် ဆောင်ရွက်နေပါတယ်။ လက်ရှိ **ပြည်သူအကြားမှာ စိတ်ဝင်စားမှုအထူးပဲ မြင့်တက်နေတဲ့ မိုဘိုင်းဖုန်းကိစ္စ**နဲ့ ပတ်သက်လို့လည်း လက်ရှိတည်ဆောက်နေမှုများ ပြီးစီးသွားပါက အပြည်ပြည်ဆိုင်ရာနှုန်းထားများနှင့်အညီ အကောင်းဆုံးနည်းလမ်းများရှာပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်တွေ ပီပီပြင်ပြင်ဖြစ်ပေါ်လာအောင် လိုအပ်တဲ့ဥပဒေတွေ ပြင်ဆင်ရေးဆွဲဆောင်ရွက်နေပြီဖြစ်ပါတယ်။ သယ်ယူပို့ဆောင်ရေးစရိတ်စကတွေ လျှော့နည်းစေရေးအတွက်လည်း ရေရှည်ကာလမှာ **မော်တော်ကားဈေးနှုန်း**တွေကို နိုင်ငံတကာနည်းတူ လျှော့ကျလာအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

စီးပွားရေးနယ်ပယ်မှာ ပုဂ္ဂလိကလုပ်ကိုင်နိုင်စွမ်းမြှင့်တင်ပေးနေသလို နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများကိုလည်း စွမ်းဆောင်ရည်မြင့်မားလာအောင် ဖွဲ့စည်းတည်ဆောက်မှုအပြောင်းအလဲတွေ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ အရင်းအနှီးဈေးကွက်၊ ငွေကြေးဈေးကွက်ထွန်းကားရှင်သန်လာအောင် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ပြင်ဆင်မှုများ ဆောင်ရွက်နေပြီဖြစ်သလို အများပိုင်ကုမ္ပဏီတွေ တိုးပွားရှင်သန်အောင်လည်း ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ပုဂ္ဂလိကဘဏ်တွေ ခိုင်မာကောင်းမွန်လာအောင် မြှင့်တင်ပျိုးထောင်ပေးနေသလို အသေးစားနဲ့ အလတ်စားစက်မှုလုပ်ငန်းရှင်တွေ အရင်းအနှီး၊ နည်းပညာတိုးမြှင့်ရရှိစေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်နေပါတယ်။ **ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းတွေမှာ လက်ဝါးကြီးအုပ် ခြယ်လှယ်ချုပ်ကိုင်ထားတာတွေ လျှော့နည်းကျဆင်းသွားပြီး နိုင်ငံသားတိုင်း လက်လှမ်းမီ ရယူသုံးစွဲနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံပိုင်လုပ်ငန်းများကို ပုဂ္ဂလိကပိုင်ပြောင်းလဲရာမှာလည်း လူတစ်စုလက်ဝယ်သို့ မရောက်ရှိစေရန်၊ မညီမျှမှုများ မဖြစ်ပေါ်စေရန်၊ စွမ်းရည်မြှင့်တင်မှုကို အဟန့်အတား မဖြစ်စေရန် အဘက်ဘက်က သုံးသပ်ပြီးဆောင်ရွက်နေပါတယ်။**

ပွင့်လင်းမြင်သာမှုရှိပြီး ကြိုတင်ခန့်မှန်းနိုင်တဲ့ စီးပွားရေးလုပ်ငန်းနယ်ပယ်တွေ ထွန်းကားရှင်သန်အောင်၊ စီးပွားရေးလုပ်ငန်းတွေထူထောင်လုပ်ကိုင်ရလွယ်ကူပြီး ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်မြင့်မားစေမယ့် စီမံကိန်းများကိုလည်း ချမှတ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ စီးပွားရေးနယ်ပယ်မှာ ပြည်တွင်း ပြည်ပ တတ်သိပညာရှင်များရဲ့ တန်ဖိုးကြီးမားတဲ့ အကြံဉာဏ်တွေကို အလေးအနက်ထားပြီး ပုဂ္ဂလိကကဏ္ဍရဲ့ လုပ်ကိုင်နိုင်စွမ်းကို မြှင့်တင်ပေးနေပြီဖြစ်ပါတယ်။ကျွန်တော်တို့အစိုးရရဲ့ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာကတော့ လူတန်းစားတစ်ခုတည်း၊ အသိုင်းအဝိုင်းတစ်ခုတည်း တိုးတက်ကြီးပွားစေရေးမဟုတ်ဘဲ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီးတစ်ခုလုံး အတွင်းမှာရှိတဲ့ အလွှာအားလုံး၊ လူတန်းစားအားလုံး၊ နိုင်ငံသားအားလုံး လွှမ်းခြုံပါဝင်တဲ့ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးမဟာဗျူဟာပဲ ဖြစ်ပါတယ်။ ဂျီဒီပီတိုးတက်ရုံသာမက ပြည်သူလူထုရဲ့ လူနေမှုအဆင့်အတန်းတွေ မြင့်မားလာဖို့၊ ရရှိခံစားနေတဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုဖူလုံရေး အစရှိတဲ့ ပြည်သူ့ရေးရာဝန်ဆောင်မှုတွေ တိုးတက်မြင့်မားလာဖို့၊ ဖွံ့ဖြိုးတိုးတက်မှုကြောင့် သဘာဝပတ်ဝန်းကျင် မထိခိုက်မဆုံးရှုံးစေဖို့အထိ ရည်ရွယ်ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးမှာ အဓိကကျတဲ့ လူလတ်တန်းစားအရေးအတွက် တိုးတက်မြင့်မားလာအောင် ဆောင်ရွက်နေသလို အောက်ခြေပြည်သူများအတွက်လည်း တစ်ဦးချင်းဝင်ငွေ မြင့်မားလာဖို့၊ အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးပွားလာဖို့အတွက် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍစတဲ့ နယ်ပယ်အသီးသီးမှာ တစ်မျိုးသားလုံးရဲ့ စီးပွားရေးအဆောက်အအုံကြီးတစ်ခုလုံး ဟန်ချက်ညီတိုးတက်လာဖို့ ပြည်တွင်း ပြည်ပ အရင်းအနှီး၊ နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှု၊ ကျွမ်းကျင်မှု၊ စီမံခန့်ခွဲမှုတွေကို ဖိတ်ခေါ်စုစည်းပြီး ညီညွတ်မျှတပြီး သဟဇာတဖြစ်တဲ့ စီးပွားရေးပတ်ဝန်းကျင်သစ်တစ်ရပ်ကို ဖော်ဆောင်နေတာဖြစ်ပါတယ်။

နေသေးတဲ့ ဒီကနေ့ဒီအချိန်မှာ ကျွန်တော်တို့ဟာ ပြည်သူ့ဝန်ထမ်းတွေဖြစ်တာနဲ့အညီ ပြည်သူ့ရေးရာဝန်ဆောင်မှုတွေကို အပြည့်အဝဖြည့်ဆည်းနိုင်အောင်၊ မိမိတို့ကြောင့်ဖြစ်ပေါ်ရတဲ့ အပိုကုန်ကျစရိတ်တွေ လျှော့နည်းပပျောက်သွားအောင် စိတ်ရင်းစေတနာအရင်းခံပြီး ထမ်းဆောင်သွားကြဖို့ ပြောကြားလိုပါတယ်။ မြန်မာတစ်နိုင်ငံလုံးမှာ အစိုးရဝန်ထမ်းအရေအတွက်ဟာ စုစုပေါင်း တစ်နိုင်ငံလုံးလူဦးရေရဲ့ ၃ ဒသမ ၃ ရာခိုင်နှုန်းရှိတဲ့အတွက် ကျွန်တော်တို့ဟာ ပြည်သူ့အစိုးရဖြစ်တာနဲ့အညီ အစိုးရဝန်ထမ်းမဟုတ်သော သာမန်လက်လုပ်လက်စားပြည်သူ ၉၆ ဒသမ ၇ ရာခိုင်နှုန်းခန့်ကိုလည်း ပြန်လည်ငဲ့ကွက်ဖို့လိုပါတယ်။ အခုဆိုရင် လစာတိုးပေးရေးဆွေးနွေးမှုတွေကြောင့် အရပ်ရပ်ကုန်ဈေးနှုန်းတွေ ရုတ်တရက် တက်လာတာကိုလည်း တွေ့ရှိရပါတယ်။ ကျွန်တော်တို့ဝန်ထမ်းတွေ လစာတိုးမြှင့်ပေးလိုက်လို့ ခံစားရမယ့် အစိုးရဝန်ထမ်းမဟုတ်တဲ့ (၅၈)သန်းသော ပြည်သူတွေဟာ ဒီနောက်ဆက်တွဲအကျိုးဆက်ကို ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့ရမှာဖြစ်ပါတယ်။ ကိုယ့်ယန္တရားတစ်ရပ်တည်းကိုပဲ အလေးပေးစဉ်းစားလို့မဖြစ်တဲ့အခြေအနေမှာ ကျွန်တော်တို့အနေနဲ့ လစာ သို့မဟုတ် ထောက်ပံ့ကူညီမှုတွေ တိုးမြှင့်ဆောင်ရွက်နိုင်ဖို့ ခြုံငုံစဉ်းစားဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရ နိုင်ငံတော်တာဝန် စတင်ရယူချိန်ကစပြီး ကျေးလက်ဒေသမှာရှိတဲ့ မိဘပြည်သူတွေ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာရှိတဲ့ မိဘပြည်သူတွေအတွက် ဦးစားပေးအဆင့် အမြင့်ဆုံးချမှတ်ပြီး ဆောင်ရွက်နေပါတယ်။ ဒီတာဝန်ဟာ ပါးစပ်ကပြောသလောက် မလွယ်ကူဘဲ လက်တွေ့အကောင်အထည်ဖော်ရာမှာ ကြီးမားတဲ့အတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်တဲ့ နည်းလမ်းအသစ်နဲ့ ကျွန်တော်တို့ မြေစမ်းခရမ်းပျိုး ဆောင်ရွက်နေရတာ ဖြစ်ပါတယ်။ ဆင်းရဲနွမ်းပါးမှုဆိုတာ ရေတိုကာလအတွင်း လျင်လျင်မြန်မြန် တိုက်ဖျက်သွားနိုင်ဖို့ မလွယ်ကူမှန်း သိပေမယ့်လည်း ဆင်းရဲနွမ်းပါးတဲ့ မိဘပြည်သူတွေအတွက် ကူညီထောက်ပံ့မှုတွေ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ၊ ကျန်းမာရေး၊ လူမှုဖူလုံရေးစတဲ့ လူသားဂုဏ်သိက္ခာနဲ့အညီ နေထိုင်ရပ်တည်နိုင်ဖို့အတွက် **ပြည်တွင်း ပြည်ပ**မှာရှိတဲ့ ပုဂ္ဂလိက၊ NGO၊ နိုင်ငံတကာ

ပြည်ထောင်စုလွှတ်တော် အစည်းအဝေး (၁၇)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။

(သတင်းစဉ်)

နာယကကြီး ခင်ဗျား-

ကျွန်တော်နဲ့တကွ ဒုတိယသမ္မတ(၂)ဦး၊ တပ်မတော်ခေါင်းဆောင်တွေ၊ ပြည်ထောင်စုဝန်ကြီးတွေ၊ ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးချုပ်တွေ၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်တွေ၊ ဥပဒေပြုရေးနှင့် တရားရေးမဏ္ဍိုင်ဘက်က တာဝန်ရှိပုဂ္ဂိုလ်များအားလုံးဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားကို မြှင့်တင်ဖော်ဆောင်လိုတဲ့ စိတ်ဆန္ဒတွေ တစ်စိတ်တစ်ဝမ်းတည်း ရှိနေကြပါတယ်။ ဒီကနေ့ ကျွန်တော်တို့ အစိုးရကိုနေရာအနှံ့က အမျိုးမျိုးအဖုံဖုံဝေဖန်ပြောကြားနေတာတွေလည်း ကျွန်တော်တို့ သိရှိထားပါတယ်။ အပြုသဘောမဆောင်တဲ့ ကောလာဟလတွေလည်း ကျွန်တော်တို့ ကြားသိနေရပါတယ်။ ကျွန်တော်တို့အစိုးရဟာ အများပြောနေကြသလို ခေါင်းမာဂိုဏ်းနဲ့ အပျော့ဂိုဏ်းဆိုပြီး ကွဲပြားနေတာမရှိပါဘူး။ လူတစ်ဦးချင်းစီရဲ့ ဗီဇ၊ စရိုက်၊ အမူအကျင့်တွေပေါ်မှာ မူတည်ပြီး စီမံခန့်ခွဲမှုကွဲပြားခြားနားတာကလွဲလို့ ကျွန်တော်တို့အစိုးရရဲ့ မူဝါဒကို ကျွန်တော်တို့အားလုံး မမှိတ်မသုန် ယုံကြည်စွာ ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ ဒီကနေ့ ဒီအချိန်မှာ ခေတ်သစ်၊ စနစ်သစ်တစ်ခုကို ကူးပြောင်းရုံသာမက ကျွန်တော်တို့ မြန်မာ့လူ့အဖွဲ့အစည်းကြီးတစ်ခုလုံးကို ဒီမိုကရေစီအဖွဲ့အစည်းကြီးအဖြစ် ပြောင်းလဲမြှင့်တင် ပုံဖော်နေကြရတဲ့အချိန်မှာ နိုင်ငံတော်အစိုးရအနေနဲ့ ပိုမိုအားကောင်းတောင့်တင်းနေဖို့ အရေးကြီးပါတယ်။ အသွင်ကူးပြောင်းရေးတာဝန်ကို ပခုံးပြောင်းထမ်းထားရတဲ့ အစိုးရအဖွဲ့ဟာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်တည်တည်ငြိမ်ငြိမ်နဲ့ ပြုပြင်ပြောင်းလဲမှုတွေကို တစ်ဆက်တည်းတစ်စပ်တည်း စနစ်တကျ ဖော်ဆောင်သွားနိုင်ဖို့လိုပါတယ်။ ကျွန်တော်တို့ လျှောက်လှမ်းတဲ့ ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းဟာ ခိုင်မာဖို့ အရေးကြီးပါတယ်။ အခုဆိုရင် ကျွန်တော်တို့ဟာ ကက်ဘိနက် အစည်းအဝေးတွေကို လုပ်ထုံးလုပ်နည်းတွေ၊ မလိုအပ်တဲ့ အချိန်တွေကို အနည်းဆုံးအဆင့်အထိလျှော့ချပြီး နိုင်ငံတော်နဲ့နိုင်ငံသားတွေရဲ့ အကျိုးစီးပွားကို မြှင့်တင်ဖော်ဆောင်ပေးနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ပါတယ်။ သက်ဆိုင်ရာအစိုးရဝန်ကြီးဌာန အဖွဲ့အစည်းများ၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများအနေနဲ့လည်း အစည်းအဝေးတွေ ဆက်တိုက်ကျင်းပပြီး အချိန်ကုန်မနေကြဘဲ ပြည်သူ့ရေးရာဝန်ဆောင်မှုတွေကို စွမ်းအားကုန်ဖြည့်ဆည်းပေးပြီး ပြည်သူလူထု စိတ်ကျေနပ်မှု၊ စိတ်ချမ်းသာမှုကို ရှေ့ရှုဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ခေတ်အဆက်ဆက် အမြစ်တွယ်နေတဲ့ အဂတိလိုက်စားမှုဆိုတဲ့ အမျိုးသားရေးစိန်ခေါ်မှုကြီးဟာ ခေတ်စနစ်နဲ့အတူ ပေါက်ဖွားရှင်သန်လာခဲ့တာဖြစ်တဲ့အတွက် ခေတ်ပြောင်း၊ စနစ်ပြောင်းမှာ စိတ်ဓာတ်၊ ခံယူချက်၊ ကျင့်ဝတ်၊ လုပ်ငန်းခွင်၊ သက်သာချောင်ချိရေး၊ ပြန်လည်စောင့်ကြည့်ရေး၊ တရားဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အသိအမြင် မြှင့်တင်ရေးအစရှိတဲ့ ဘက်စုံချဉ်းကပ်မှုနည်းလမ်းတွေနဲ့ ပညာပေးခြင်း၊ စည်းရုံးခြင်း၊ အသိပေးခြင်း၊ သတိပေးခြင်း၊ အရေးယူခြင်းများကို ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးအဆင့်အထိ အုပ်ချုပ်ရေးယန္တရား ပြန်လည်ဖွဲ့စည်းတည်ဆောက်ရာမှာ ခေတ်အဆက်ဆက် စူးဝင်နေတဲ့ ဆူးချွန်တွေကို ဖယ်ရှားပစ်ဖို့ ခိုင်မာတဲ့ဥပဒေ၊ နည်းဥပဒေတွေနဲ့ ပြောင်းလဲတည်ဆောက်ရတာ ဖြစ်ပါတယ်။ ခေတ်ပြောင်း၊ စနစ်ပြောင်းလုပ်ငန်းစဉ် ပီပြင်ခိုင်မာလာတာနဲ့အမျှ အဂတိလိုက်စားမှုတွေ သိသိသာသာ လျှော့နည်းပပျောက်သွားစေမှာဖြစ်တဲ့အတွက် အုပ်ချုပ်ရေးယန္တရားပြန်လည်ဖွဲ့စည်းတည်ဆောက်မှုကို အချိန်ယူပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။

လက်ရှိနိုင်ငံတော်ရဲ့ ငွေကြေးအခြေအနေ၊ ပြည်ပကြွေးမြီ၊ ဘတ်ဂျက်လိုငွေစတဲ့ မက်ခရိုစီးပွားရေး အခြေအနေအရပ်ရပ်ပေါ်မူတည်ပြီး အခြေအနေအချိန်အခါ သင့်ရင်သင့်သလို လစာ၊ စရိတ်တွေကို တိုးမြှင့်ပေးနိုင်ဖို့ ကြိုးစားဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ **ကျွန်တော်တို့အစိုးရအဖွဲ့ဟာ စတင်လွှဲပြောင်းရယူချိန်ကစပြီး မြင့်မားတဲ့ လစာနှုန်းထားတွေ ရယူခံစားခြင်းမပြုဘဲ ယခင်အစိုးရလက်ထက်က နှုန်းထားအတိုင်း ရယူခံစားနေကြသူတွေ ဖြစ်ပါတယ်။** လူတန်းစား ကွာဟချက်တွေ၊ ဆင်းရဲနွမ်းပါးမှုတွေ ကြီးကြီးမားမားတည်ရှိနေသေးပြီး ပြည်သူတစ်ဦးချင်း ဝင်ငွေနိမ့်ကျ

အဖွဲ့အစည်းတွေရဲ့ အကူအညီကိုရယူပြီး ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ ထောင်စုနှစ်ရည်မှန်းချက်များနဲ့အညီ ကျွန်တော်တို့နိုင်ငံမှာ (၂၆%) ရှိနေတဲ့ ဆင်းရဲနွမ်းပါးမှုနှုန်းထားကို ၂၀၁၅ ခုနှစ်ရောက်ရင် (၁၆%)အထိ လျှော့ချနိုင်ဖို့၊ အဆင်းရဲဆုံး LDC နိုင်ငံဘဝက ရုန်းထွက်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီ (၂၆%) သောပြည်သူများရဲ့ အခြေခံကျန်းမာရေးစောင့်ရှောက်မှုအတွက် ပုဂ္ဂလိကအဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး **ယူနီဗာဆယ်ကျန်းမာရေးအာမခံစနစ်သစ်တစ်ရပ် ပေါ်ထွန်းလာဖို့**လည်း ဆောင်ရွက်နေပြီဖြစ်ပါတယ်။ လယ်ယာကဏ္ဍ ပြင်ပအလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်များလာအောင်လည်း ဒေသအနေအထားပေါ်မူတည်ပြီး စက်မှုလုပ်ငန်းတွေ ထွန်းကားလာအောင် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေမှာ ထည့်သွင်းတွက်ချက်ပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီစီမံကိန်းတွေမှာလည်း ကျွန်တော်တို့ရဲ့ အမျိုးသား ပြန်လည်ပေါင်းစည်းညီညွတ်ရေးလုပ်ငန်းစဉ်အရ ပြန်လည်ရင်ကြားစေ့လာမယ့် တိုင်းရင်းသားလူငယ်တွေရဲ့ အနာဂတ်ကိုလည်း ခြုံငုံချိတ်ဆက် ပါဝင်နိုင်အောင် ဆောင်ရွက်နေပါတယ်။

ရေတိုကာလမှာ ရသင့်ရထိုက်တဲ့ အခွန်အခတွေ တိုးမြှင့်ရရှိလာအောင် ဆောင်ရွက်ရာမှာ မိဘပြည်သူများရဲ့ လူမှု-စီးပွားရေးဘဝများကို မထိခိုက်စေအောင် အဘက်ဘက်မှ ခြုံငုံသုံးသပ်ပြီး ဆောင်ရွက်နေသလို နိုင်ငံတော်ရဲ့ ယိုပေါက်၊ ဟာပေါက်တွေ ပိတ်နိုင်အောင်လည်း ကောင်းမွန်သောအုပ်ချုပ်မှုနဲ့ ထိန်းကျောင်းဆောင်ရွက်နေပြီဖြစ်ပါတယ်။ ရေရှည်ကာလမှာတော့ ညီမျှမှု Equality နဲ့ မျှတမှု Fairness ဆိုတဲ့ အနေအထား(၂)ရပ်အကြားမှာ လိုက်လျောညီထွေဖြစ်စေမယ့် အခွန်ဥပဒေတစ်ရပ်ကို ခေတ်စနစ်နဲ့သာမက မိဘပြည်သူများရဲ့ ပကတိအခြေအနေမှန်နဲ့အညီ တစ်ဦးချင်း ဝင်ငွေနိမ့်ကျတဲ့ ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရအောင် ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်သမ္မတအပါအဝင် နိုင်ငံသားအားလုံး အခွန်ပေးဆောင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အလုပ်လုပ်နိုင်တဲ့ နိုင်ငံသားတိုင်း အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိနိုင်အောင် မြန်မာနိုင်ငံ တစ်နံတစ်လျားမှာ စက်မှုဇုန်တွေ ထူထောင်တည်ဆောက်နေပြီဖြစ်ပါတယ်။ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ အရှိန်အဟုန်နဲ့ စီးဝင်လာအောင် ဆောင်ရွက်နေပြီဖြစ်သလို ဒီရင်းနှီးမြှုပ်နှံမှုတွေကို ခိုင်ခိုင်မာမာ အကာအကွယ်ပေးနိုင်အောင်လည်း ကျွန်တော်တို့အစိုးရအနေနဲ့ ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒီမိုကရေစီလူ့ဘောင်ကို တည်ဆောက်ရာမှာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုကို တစ်ချိန်တည်း တစ်ပြိုင်တည်း ထူထောင်တည်ဆောက်ရတာဖြစ်ပါတယ်။ ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာရေးနဲ့ မြန်မာ့စီးပွားရေး ဦးမော့လာရေးအတွက် အဓိကအရင်းအမြစ်ဖြစ်တဲ့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန်ချက်ညီညီ ဖော်ဆောင်နေပြီဖြစ်ပါတယ်။ တက္ကသိုလ်တွေ၊ စာသင်ကျောင်းတွေ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်တဲ့နေရာမှာ ခေတ်စနစ်နဲ့ညီတဲ့ သင်ရိုးညွှန်းတမ်းတွေကိုသာမက စီမံခန့်ခွဲမှုပြုပြင်ပြောင်းလဲရေးကိုပါ ဒွန်တွဲဆောင်ရွက်နေပြီဖြစ်ပါတယ်။ ကောလိပ်၊ တက္ကသိုလ်တိုင်းဟာ သက်ဆိုင်ရာဝန်ကြီးဌာနတွေရဲ့ ကွပ်ကဲမှုအောက်မှာ ရှိနေမှာဖြစ်သော်လည်း တစ်ချိန်မှာ မိမိတက္ကသိုလ်နဲ့ မိမိအုပ်ချုပ်စီမံခန့်ခွဲပိုင်ခွင့်ရှိအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အခြေခံပညာစာသင်ကျောင်းတိုင်းမှာ စာကြည့်တိုက်တွေ ရှိရမှာဖြစ်သလို ကောလိပ်၊ တက္ကသိုလ်တွေ အားလုံးမှာလည်း သမားရိုးကျ စာကြည့်တိုက်တွေသာမက နိုင်ငံတကာ အဆင့်မြင့်တက္ကသိုလ်ကြီးတွေနဲ့ ချိတ်ဆက်ထားတဲ့ အွန်လိုင်းစာကြည့်တိုက်တွေရှိအောင် ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ အသိပညာအခြေခံတဲ့ စီးပွားရေးစနစ်ကို မျှော်မှန်းဆောင်ရွက်နေတဲ့

စာမျက်နှာ ၅ ကော်လံ ၁ သို့ ○

ခေတ်ပြောင်း၊ စနစ်ပြောင်း နိုင်ငံတော်တည်ဆောက်ရေးမှာ အရေးကြီးဆုံးက ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲမှုတွေ လျင်လျင်မြန်မြန် ထွက်ပေါ်လာဖို့လိုသလို ဒီပြုပြင်ပြောင်းလဲမှုတွေ ခိုင်မာဖို့ အထူးအရေးကြီးပါတယ်။ နိုင်ငံတကာရေစီးကြောင်းမှာ ဂလိုဘယ်လိုက်ဇေးရှင်း ရေစီးကြောင်းနဲ့ ပေါင်းစည်းနိုင်ခြင်းမရှိဘဲ နောက်ကျကျန်ရစ်ခဲ့တဲ့ ကျွန်တော်တို့နိုင်ငံအနေနဲ့ အတွင်း၊ အပြင် သင်ခန်းစာတွေရယူပြီး အကျိုးရှိရှိ သုံးသပ်မြော်မြင်ဆောင်ရွက်သွားနိုင်ဖို့လည်း လိုပါတယ်။

○ စာမျက်နှာ ၄ မှ

ကျွန်တော်ရဲ့ အစိုးရအနေနဲ့ နိုင်ငံတကာ တက္ကသိုလ်ကြီးတွေနဲ့ ချိတ်ဆက်ပြီး ဆရာဆရာမများကို အရည်အချင်းကို မြှင့်တင်ရမှာဖြစ်သလို စာသင်ကျောင်းတွေရဲ့ အရည်အသွေးကိုလည်း စဉ်ဆက်မပြတ် မြှင့်တင်ပေးသွားမှာ ဖြစ်ပါတယ်။ နည်းပညာခေတ်၊ ပညာခေတ်မှာ ကျွန်တော်တို့နိုင်ငံ နောက်ကျကျန်ရစ်ခဲ့တဲ့ Digital Divide ကို လျော့နည်းပပျောက်စေရန်လည်း အင်တာနက် ချိတ်ဆက်မှုတွေ၊ လက်တွေ့အသုံးချမှု Telecommunication ကွန်ရက်တွေ မြှင့်တင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လာမယ့်ဘဏ္ဍာရေးနှစ်မှာ ကျန်းမာရေးကဏ္ဍမှာ ယခင်ကထက် လေးဆတိုးမြှင့်သုံးစွဲပြီး ပညာရေးကဏ္ဍမှာ ယခင်ကထက် နှစ်ဆတိုးမြှင့်သုံးစွဲထားဖို့ လျာထားနေတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲမှုတွေ အခြေခံခိုင်မာလာပြီး နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေ တိုးတက်မြင့်မားလာတာနဲ့အမျှ ရေမြင့်ကြာတင့်ဆိုသလို လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအားပေးမြှင့်တင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ အစိုးရလက်ထက်မှာ သဘာဝအရင်းအမြစ်ထုတ်ယူရေးကို အခြေခံတဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေရဲ့နေရာမှာ ကုန်ထုတ်လုပ်မှုကို အခြေခံတဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ အစားထိုးဝင်ရောက်လာအောင် မူဝါဒအသစ်များချမှတ်ပြီး ပြည်တွင်းပြည်ပ တတ်သိပညာရှင်တွေရဲ့ ပံ့ပိုးကူညီမှုတွေနဲ့ ဆောင်ရွက်နေပါတယ်။ မက်ခရိုစီးပွားရေးခိုင်မာကောင်းမွန်အောင် တစ်ဖက်ကတည်ဆောက်နေသလို တစ်ဖက်ကလည်း အခြေခံအဆောက်အအုံတွေ၊ လူသားအရင်းအမြစ်၊ ကျွမ်းကျင်လုပ်သား၊ နည်းပညာမြှင့်တင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တရားဥပဒေအခြေခံဖွဲ့စည်းတည်ဆောက်မှု၊ ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ စီးပွားရေးနယ်ပယ်၊ ပုဂ္ဂလိကပါဝင်မှု အချိုးအစား မြှင့်တင်ရေးအစရှိတဲ့ ဘက်စုံလွှမ်းခြုံပါဝင်တဲ့ အစီအမံများကို ရေတိုရေရှည် ချမှတ်ဆောင်ရွက်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ နိုင်ငံအသွင်ကူးပြောင်းရေး၊ နိုင်ငံတော်သစ် တည်ဆောက်ရေးနဲ့ မြန်မာ့လူ့အဖွဲ့အစည်းကြီးတစ်ခုလုံး လိုက်ပါမြင့်တက်လာရေးစတဲ့ တာဝန်ကြီး (၃)ရပ်ကို တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်နေကြရတာဖြစ်ပါတယ်။

ကျွန်တော်တို့အစိုးရ မျှော်မှန်းတဲ့ အမျိုးသားဖွံ့ဖြိုးတိုးတက်မှုဟာ Environmentally Sustainable ဖြစ်ရပါမယ်၊ Socially Sustainable ဖြစ်ရမယ်၊ Economically Sustainable ဖြစ်ရမယ်ဆိုတဲ့ အခြေခံမူဝါဒကြီး (၃)ရပ် ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်ပရင်းနှီးမြှုပ်နှံမှုရော၊ ပြည်ပထောက်ပံ့ကူညီမှုတွေကိုပါ ထိထိရောက်ရောက် ဖြည့်ဆည်းပေးနိုင်ဖို့လည်း တံခါးဖွင့်ပြီး ဆောင်ရွက်နေပါတယ်။ **နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့လည်း မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှု၊ ထောက်ပံ့ကူညီမှု (၁)ဒေါ်လာ ပြုလုပ်တိုင်း မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ ရှင်သန်ခိုင်မာရေး၊ မြန်မာပြည်သူများရဲ့ အကျိုးစီးပွားတိုးတက်မြင့်မားရေးအတွက် (၁)ဒေါ်လာထည့်ဝင်ရာရောက်တဲ့အတွက် ဒီမိုကရေစီအသွင်ကူးပြောင်းစ ကျွန်တော်တို့နိုင်ငံ နောက်ပြန်လန်မကျသွားစေဖို့ အခြေအနေမှန်များကို နက်နက်ရှိုင်းရှိုင်း သိမြင်နားလည်ပြီး ကူညီဆောင်ရွက်ပေးကြဖို့ ပြောကြားလိုပါတယ်။**

နာယကကြီး ခင်ဗျား-

ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်တွေမှာ အရေးကြီးဆုံးကတော့ အရပ်ဘက်လူ့အဖွဲ့အစည်း ခိုင်မာအားကောင်းလာရေးပဲဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးတွေဟာ ဘာသာတရားရဲ့အဆုံးအမနဲ့အတူ ယဉ်ကျေးမှုအရ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေခဲ့တဲ့ ပရဟိတစိတ်ဓာတ်ဆိုတာ ရှိနေပါတယ်။ သာရေး၊ နာရေးကအစ အရေးပေါ်ကယ်ဆယ်ရေးမှသည် စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအထိ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ အရှိန်အဟုန်နဲ့ ပေါ်ထွန်းလာနေတာကို ဒီကနေ့ ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်နေရပြီဖြစ်ပါတယ်။ ဖောင်ဒေးရှင်းတွေ၊ အသင်းအဖွဲ့တွေ စနစ်တကျ ဖြစ်ထွန်းအောင်မြင်လာနေတာဟာလည်း ကျွန်တော်တို့လူ့အဖွဲ့အစည်းအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီရှင်သန်ခိုင်မာရေးမှာ ဒီအရပ်ဘက်လူ့အဖွဲ့အစည်းတွေဟာ အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ရှိနေတာဖြစ်ပါတယ်။ အားနည်းသူတွေ အကာအကွယ်ပေးရေးမှာလည်း ဥပဒေနဲ့အညီ တောင်သူလယ်သမားတွေရဲ့ အခွင့်အရေးတွေ၊ အလုပ်သမားတွေရဲ့ အခွင့်အရေးတွေ ကာကွယ်ပေးနိုင်မယ့် လူတန်းစားသမဂ္ဂ၊ အဖွဲ့အစည်းတွေ စနစ်တကျပေါ်ထွက်လာအောင်လည်း ကျွန်တော်တို့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းအတွင်းမှာရှိတဲ့ နိုင်ငံသားများရဲ့ မူလအခြေခံအခွင့်အရေးတွေကို ထိထိရောက်ရောက် အကာအကွယ်ပေးဖို့အတွက်လည်း အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို စနစ်တကျ ဖွဲ့စည်းထူထောင်ပြီး ဆောင်ရွက်နေပြီဖြစ်ပါတယ်။ စတုတ္ထမဏ္ဍိုင်များအနေနဲ့ ဒီမိုကရေစီကျင့်စဉ်နဲ့အညီ လွတ်လပ်မှုနဲ့ တာဝန်ယူမှုကို မျှမျှတတ ထိန်းကျောင်းဆောင်ရွက်သွားနိုင်စေရန် **“အမျိုးသားစာနယ်ဇင်းကောင်စီ”** ကိုလည်း ထူထောင်ဆောင်ရွက်ဖို့ စီမံနေပြီဖြစ်ပါတယ်။

တစ်ချိန်တည်းမှာပဲ ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ ပြတ်ကျန်နေရစ်ခဲ့တဲ့ ကျွန်တော်တို့နိုင်ငံဟာ ခေတ်သစ်စနစ်သစ်မှာ နိုင်ငံတကာနဲ့ ပိုမိုပေါင်းစည်းရေးကြိုးပမ်းဆောင်ရွက်ရာမှာ ကျွန်တော်တို့ ဘိုး၊ ဘွား၊ ဘီ၊ ဘင်တွေ ထိန်းသိမ်းစောင့်ရှောက်ခဲ့တဲ့ တိုင်းရင်းသားအားလုံးရဲ့ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း၊ အစဉ်အလာ၊ အနုပညာ၊ သဘင်၊ စာပေ၊ ဂီတ၊ သုခုမအစရှိတဲ့ မြန်မာ့တန်ဖိုးတွေ ပျောက်ပျက်မသွားစေဖို့၊ ကျွန်တော်တို့ တိုင်းရင်းသားအားလုံးရဲ့ မြန်မာ့တန်ဖိုးမှာရှိတဲ့ ဆော့ဖ်ပါဝါကို ပိုမိုခိုင်မာအားကောင်းလာအောင် ဆောင်ရွက်ဖို့ ကြိုးပမ်းသွားကြရမှာ ဖြစ်ပါတယ်။ ရုပ်ရှင်၊ ဂီတ၊ သဘင်အစရှိတဲ့ မြန်မာ့တန်ဖိုးမြှင့်တင်ရာမှာ အဓိကကျတဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေအနေနဲ့လည်း ပြောင်းလဲလာတဲ့ ခေတ်သစ်၊ စနစ်သစ်နဲ့ ကမ္ဘာလုံးဆိုင်ရာ ဆက်နွှယ်ပေါင်းစည်းမှုတွေမှာ မြန်မာ့တန်ဖိုးတွေ ပျောက်ပျက်မသွားရအောင်၊ မြန်မာ့တန်ဖိုးတွေ ထွန်းလင်းတောက်ပလာအောင် ဆောင်ရွက်နေပြီဖြစ်ပါတယ်။

နာယကကြီး ခင်ဗျား-

ကျွန်တော်တို့ရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ပဋိညာဉ်မှုဘောင်ကြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အာဏာ (၃)ရပ်ကို အညီအမျှ ခွဲဝေပေးထားတာဖြစ်ပါတယ်။ ဒီအာဏာကြီး (၃)ရပ်ကို အညီအမျှ ခွဲဝေကျင့်သုံးပြီး စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ စာနယ်ဇင်းမီဒီယာတွေ၊ ပဉ္စမမဏ္ဍိုင်ဖြစ်တဲ့ ကျွန်တော်တို့ မိဘပြည်သူတွေနဲ့ တပ်မတော်တို့ဟာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို နားလည်မှုရှိရှိ၊ ယုံကြည်မှုရှိရှိ ဆက်လက်ဆောင်ရွက်သွားကြမယ်ဆိုရင် ကျွန်တော်တို့အားလုံး မျှော်မှန်းထားတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံသစ်ကြီးကို ရောက်ရှိလာမှာဖြစ်ပါတယ်။ လွတ်လပ်ပြီး လူသားဂုဏ်ရည်မြင့်မားတဲ့ ဒီမိုကရေစီလူ့ဘောင်ကြီးဖြစ်ပေါ်လာရေးအတွက် အခြေခံအကျဆုံးကတော့ ဥပဒေစိုးမိုးရေးပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်အရပ်ရပ်က ဥပဒေတွေရေးဆွဲပြဋ္ဌာန်း၊ ဒီဥပဒေတွေနဲ့အညီ ကျွန်တော်တို့အစိုးရက အုပ်ချုပ်၊ ဒီဥပဒေတွေနဲ့အညီ တရားစီရင်ရေးမဏ္ဍိုင်က လိုက်နာဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အုပ်ချုပ်ရေးယန္တရားမှာ Rule of Law ရှိရပါမယ်။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ကြရာမှာလည်း Rule of Law ရှိရပါမယ်။ လူမှုဖူလုံရေးအတွက်လည်း Rule of Law ရှိရပါမယ်။ နိုင်ငံရေးလုပ်ငန်းစဉ်တွေမှာလည်း Rule of Law ရှိရပါမယ်။ အပြည်ပြည်ဆိုင်ရာဆက်ဆံရေးမှာလည်း အလားတူ ရှိရပါမယ်။ တရားစီရင်ရေးမှာလည်း အလားတူ ရှိရပါမယ်။ ကျွန်တော်တို့လူ့အဖွဲ့အစည်းကြီး တစ်ခုလုံး Rule of Law နဲ့အညီ ဆောင်ရွက်နိုင်ပြီဆိုရင် လူ့အခွင့်အရေး၊ လွတ်လပ်ခွင့်၊ ဒီမိုကရေစီဆိုတာတွေဟာလည်း အလိုအလျောက်ထွန်းကားရှင်သန်လာမှာ ဖြစ်တဲ့အတွက် နိုင်ငံတည်ဆောက်ရေးအဆင့်ဆင့် ခိုင်မာရေးဟာ Rule of Law အပေါ်မှာ မူတည်နေပါတယ်။ ဒီတာဝန်ကြီးကိုလည်း ကျွန်တော်တို့အားလုံး ညီညီညွတ်ညွတ် စုပေါင်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်းမှာ ရှိနေကြတဲ့ ကျွန်တော်တို့အားလုံးဟာ ဒီမိုကရေစီနိုင်ငံနဲ့ ထိုက်တန်တဲ့ စိတ်နေစိတ်ထား၊ အမူအကျင့်တွေကို ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်သွားကြရမှာ ဖြစ်ပါတယ်။ ခေတ်ပြောင်းသွားပြီ၊ စနစ်ပြောင်းသွားပြီဆိုတာကို အားလုံးက ယုံယုံကြည်ကြည် လက်ခံနိုင်ပြီဆိုရင် နောက်ကြောင်းက အတွေးအခေါ်တွေ၊ အမူအကျင့်တွေဟာလည်း အပြန်အလှန် ထိန်းကျောင်းမှုနဲ့ တဖြည်းဖြည်းချင်း ပပျောက်သွားမှာဖြစ်ပါတယ်။ လူ့အဖွဲ့အစည်း တစ်ရပ်လုံးရဲ့ စိတ်နေစိတ်ထား၊ အမူအကျင့်တွေပြောင်းလဲစေဖို့ Rule of Law နဲ့ အားဖြည့်ပေးရပါမယ်။ အရပ်ဘက်လူ့အဖွဲ့အစည်းတွေက ဝိုင်းကူကြရပါမယ်။ တန်းတူ၊ သာတူညီမျှစိတ်ထားတွေနဲ့ တိုင်းရင်းသားညီအစ်ကိုတွေရဲ့ ဝိုင်းဝန်းကြိုးပမ်းမှုဟာလည်း အဓိကကျနေသလို နိုင်ငံတကာမိသားစုအသိုင်းအဝိုင်းရဲ့ လက်ခံအားပေးမှု၊ ကူညီပံ့ပိုးမှုတွေကလည်း အထူးပဲအရေးကြီးနေပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ သိသိသာသာတိုးတက်လာတဲ့ နိုင်ငံတကာဆက်ဆံရေးမျက်နှာစာမှာ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပြီး ကျွန်တော်တို့နိုင်ငံနဲ့ နိုင်ငံသားတွေရဲ့ အမျိုးသားရေးအကျိုးစီးပွားကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရာမှာ ခေတ်အဆက်ဆက်ဖြောင့်မတ်မှန်ကန်စွာ ကျင့်သုံးခဲ့တဲ့ လွတ်လပ်ပြီးတက်ကြွတဲ့ နိုင်ငံခြားရေးမူဝါဒကိုပဲ ဆက်လက်ကိုင်စွဲသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုတွေ အရှိန်အဟုန်နဲ့ ဆက်လက်ဆောင်ရွက်နေတဲ့နေရာမှာ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်မှာ အရှေ့-အနောက် ခွဲခြားခြင်းမရှိဘဲ ကမ္ဘာ့နိုင်ငံအားလုံးနဲ့ ရင်းနှီးချစ်ကြည်စွာ ဆက်ဆံသွားမှာဖြစ်သလို နိုင်ငံတကာမိသားစုရဲ့ အားပေးကူညီမှုတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေ၊ ထောက်ပံ့ကူညီမှုတွေကို နွေးထွေးစွာ လက်ကမ်းကြိုဆိုသွားမှာ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ကျွန်တော်တို့နိုင်ငံ၊ နိုင်ငံသားတွေရဲ့ အမျိုးသားရေးအကျိုးစီးပွား၊ အချုပ်အခြာအာဏာ မထိပါးစေရအောင်လည်း ခိုင်ခိုင်မာမာ ရပ်တည်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နာယကကြီး ခင်ဗျား-

နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့အစိုးရဟာ မိဘပြည်သူများက ယုံယုံကြည်ကြည် လေးလေးနက်နက် အပ်နှင်းလာတဲ့ တာဝန်တွေ၊ ကျွန်တော်တို့ ကျေပွန်ရမယ့်ဝတ္တရားတွေကို ဆောင်ရွက်ရာမှာ လုပ်ပိုင်ခွင့်အာဏာများကို တော်တည့်မှန်ကန်စွာ ခွဲဝေကျင့်သုံးပြီး အထက်အောက်တာဝန်ယူမှု၊ တာဝန်သိမှုတွေနဲ့ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ပြီးခဲ့တဲ့ (၁)နှစ်တာကာလအတွင်းမှာ အခက်အခဲတွေ စိန်ခေါ်မှုတွေကိုလည်း အများအပြား ကြုံတွေ့ခဲ့ရပါတယ်။ **ခေတ်ပြောင်း၊ စနစ်ပြောင်း နိုင်ငံတော်တည်ဆောက်ရေးမှာ အရေးကြီးဆုံးက ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲမှုတွေ လျင်လျင်မြန်မြန် ထွက်ပေါ်လာဖို့လိုသလို ဒီပြုပြင်ပြောင်းလဲမှုတွေ ခိုင်မာဖို့ အထူးအရေးကြီးပါတယ်။ နိုင်ငံတကာရေစီးကြောင်းမှာ ဂလိုဘယ်လိုက်ဇေးရှင်း ရေစီးကြောင်းနဲ့ ပေါင်းစည်းနိုင်ခြင်းမရှိဘဲ နောက်ကျကျန်ရစ်ခဲ့တဲ့ ကျွန်တော်တို့နိုင်ငံအနေနဲ့ အတွင်း၊ အပြင်သင်ခန်းစာတွေရယူပြီး အကျိုးရှိရှိ သုံးသပ်မြော်မြင်ဆောင်ရွက်သွားနိုင်ဖို့လည်း လိုပါတယ်။**

နိုင်ငံတံခါးကို ဖွင့်လိုက်တာနဲ့အမျှ အခွင့်အလမ်းတွေနဲ့အတူ တွဲလျက်ပါလာတဲ့ စိန်ခေါ်မှုတွေကို ကျွန်တော်တို့ သတိတရားကြီးကြီးထားပြီး မဏ္ဍိုင်အရပ်ရပ်၊ လူ့အဖွဲ့အစည်းအသီးသီးက စနစ်တကျ ဖော်ဆောင်သွားကြရမှာ ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့အစိုးရအပါအဝင် မိဘပြည်သူအားလုံး လျှောက်လှမ်းနေတဲ့ သမိုင်းဝင် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကြီးဟာ အင်မတန်မှ ကြီးမားကျယ်ပြန့်ပြီး အလွန်တရာမှလည်း ခက်ခဲနက်နဲလှပါတယ်။ ကျွန်တော်တို့လို အသွင်ကူးပြောင်းစနိုင်ငံတွေမှာ ကြုံတွေ့ရတတ်တဲ့ စိန်ခေါ်မှုတွေအပြင် ကျွန်တော်တို့ လူ့အဖွဲ့အစည်းကြီးအတွင်းမှာ နစ်ဝင်နေတဲ့ အတွင်းဒဏ်ရာတွေကိုလည်း ပျောက်ကင်းအောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အစိုးရသက်တမ်းအပြင် နောက်လာမယ့် အစိုးရအဆက်ဆက် လက်ထက်မှာလည်း ခိုင်မာသည်ထက်ခိုင်မာအောင် မိဘပြည်သူများအားလုံး၊ လူ့အဖွဲ့အစည်းကြီးတစ်ခုလုံးက ဆက်လက်ပြီး ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကြီး အောင်မြင်ပြီး ရှင်သန်ခိုင်မာတဲ့ အဆင့်ရောက်ဖို့ ကျွန်တော်တို့နောက်ထပ် များစွာကြိုးပမ်းဆောင်ရွက်ကြရဦးမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အစိုးရရဲ့ ယန္တရားတွေ ဒီထက်ပိုမိုစွမ်းရည်မြင့်မားလာအောင်၊ လွှတ်တော်အရပ်ရပ်ရဲ့ ဥပဒေပြုမှုတွေ ဒီထက်ပိုပြီး ကျယ်ပြန့်လာအောင်၊ Rule of Law ခိုင်ခိုင်မာမာ ဖြစ်ထွန်းပေါ်ပေါက်လာအောင်၊ ပုဂ္ဂလိကကဏ္ဍ ဒီထက်ပိုပြီး စွမ်းအားကောင်းလာအောင်၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေ ဒီထက်ပိုပြီး မြင့်မားလာအောင်၊ အခြေခံအဆောက်အအုံနဲ့ လူမှုဖူလုံရေးအဆောက်အအုံတွေ ဒီထက်ပိုပြီး အရည်အသွေးမြင့်မားလာအောင်၊ ကျွန်တော်တို့ မိဘပြည်သူတွေရဲ့ လူနေမှုဘဝ ဒီထက်ပိုပြီး တိုးတက်မြင့်မားလာအောင် ကျွန်တော်တို့အများကြီး ကြိုးပမ်းကြရဦးမှာပါ။

မိဘပြည်သူတွေ ဖြစ်ချင်နေတဲ့၊ မိဘပြည်သူတွေ လိုလားနေတဲ့၊ မိဘပြည်သူတွေ တစ်သက်လုံး မျှော်လင့်နေကြတဲ့ တစ်ဦးချင်းဝင်ငွေ တိုးတက်မြင့်မားပြီး စီးပွားရေးသာမက ဘက်စုံဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးမှာ အရာရာ Rule of Law ခိုင်မာလျက် စိတ်အေးချမ်းသာစွာ၊ ဂုဏ်သိက္ခာမြင့်မားစွာ အသက်ရှင်နေထိုင်ရပ်တည်နိုင်တဲ့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီး ဖြစ်ပေါ်လာအောင် ကျွန်တော်တို့အစိုးရအနေနဲ့ ဆက်လက်ပြီးကြိုးပမ်းဆောင်ရွက်သွားရဦးမှာဖြစ်ပါတယ်။ ကျန်တဲ့မဏ္ဍိုင်တွေအနေနဲ့လည်း ကျွန်တော်တို့အစိုးရကို ခိုင်ခိုင်မာမာအားကောင်းအောင် အပြန်အလှန် နားလည်မှု၊ ယုံကြည်လေးစားမှု၊ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ ကူညီပေးကြပါ၊ မိဘပြည်သူများကလည်း ကျွန်တော်တို့အစိုးရကို ထိန်းကျောင်းတည့်မတ်ပေးကြပါ၊ အားလုံးသော Stakeholder များအနေနဲ့လည်း ကျွန်တော်တို့ လူ့အဖွဲ့အစည်းကြီး တိုးတက်ခိုင်မာလာအောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြပါလို့ အလေးအနက် တိုက်တွန်းပြောကြားလိုပါတယ်။ ကျွန်တော်တို့ အစိုးရအနေနဲ့ မိဘပြည်သူများ မျှော်လင့်ထားတဲ့အတိုင်း အချိန်တိုတိုအတွင်းမှာ ပြုပြင်ပြောင်းလဲမှုတွေ အရာထင်လာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒီကနေ့ ဒီအချိန်မှာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ လိုအင်ဆန္ဒတွေ အလုံးစုံဖြည့်ဆည်းပေးနိုင်ခြင်း မရှိသေးသော်လည်း ကျွန်တော်တို့အစိုးရအနေနဲ့ အသက်နဲ့ခန္ဓာကိုယ် စွန့်လွှတ်ပေးဆပ်ဖို့အထိ ကတိသစ္စာ ပြုထားကြသူများပီပီ အရိုးကြေကြေ အရေခန်းခန်း ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း အခိုင်အမာပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၁

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကို ဖေဖော်ဝါရီ ၂၈ ရက် မွန်းတည့် ၁၂ နာရီတွင် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး ကျေးရွာထင်းစိုက်ခင်းဥပဒေကြမ်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာဥပဒေကြမ်းနှင့် ၂၀၁၂ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေကြမ်းတို့ကို အတည်ပြုခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၏ ၂၀၁၁ - ၂၀၁၂ ခုနှစ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းနှင့် ၂၀၁၂-၂၀၁၃ ခုနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြပြီး အစည်းအဝေးကို ညနေ ၃ နာရီ မိနစ် ၄၀ တွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၁

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ဖေဖော်ဝါရီ ၂၉ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်နှင့် လွှတ်တော်ကိုယ်စားလှယ်(၁၃၄)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းသည့် မေးခွန်း(၂၀)အား ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခြင်း၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ၂၀၁၁-၂၀၁၂ ခုနှစ်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်နယ်ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း၊ ၂၀၁၂-၂၀၁၃ ခုနှစ် ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်း၊ ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ဥပဒေကြမ်းကို ပြင်ဆင်ရန် အဆိုပြုချက်နှင့် စပ်လျဉ်း၍ ပြင်ဆင်သော အသုံးအနှုန်းကို လွှတ်တော်၏သဘောတူညီချက်ရယူရာ လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူညီကြသည့်အတွက် အဆိုပါ ဥပဒေကြမ်းပြင်ဆင်ချက်သည် ဥပဒေ၏ အစိတ်အပိုင်းဖြစ်ကြောင်း လွှတ်တော်က ကြေညာခြင်း၊ ဒုတိယနေ့က တင်သွင်းခဲ့သော အဆို(၃)ရပ်အနက် အဆို(၁)ရပ်ကို မေးခွန်းအဖြစ် ပြောင်းလဲသတ်မှတ်ခြင်း၊ အဆို(၁)ရပ်ကို အတည်ပြုခြင်း၊ အဆို(၁)ရပ်အား ရုပ်သိမ်းခြင်းတို့ ဆောင်ရွက်ပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

ဝန်ထမ်းများ
အခြေခံကွန်ပျူတာ သင်တန်းဆင်း

ရန်ကုန် မတ် ၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများ အခြေခံကွန်ပျူတာသင်တန်းအမှတ်စဉ်(၄/၂၀၁၂)ဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်း၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင် တက်ရောက်အမှာစကားပြောကြားသည်။ (သတင်းစဉ်)

◆ကျောဖုံးမှ

ပိုမိုပါဝင်ဆောင်ရွက်လျက် ရှိလာနေသည်မှာ တောင်သူလယ်သမားများအတွက် အားရဖွယ်ရာအခြေအနေများ မြင်တွေ့နေရပါသည်။

သီးနှံများ အထွက်နှုန်းတိုးတက်စေရေးအတွက် သိပ္ပံနည်းကျစိုက်နည်းစနစ်များအား တီထွင်ကြံဆပြီး တောင်သူလယ်သမားများ လက်ဝယ်အရောက် လေ့ကျင့်ပညာပေးရေးတာဝန်အား စိုက်ပျိုးရေးပညာရှင်များအနေဖြင့် လယ်ကွင်းထဲအရောက် ဒေသအလိုက် လယ်သမားများနှင့် လက်ချင်းယှက်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိနေသည်မှာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံကောင်းများ တည်ဆောက်ပေးနေခြင်းပင် ဖြစ်ပါသည်။

ချစ်ကြည်လေးစားအပ်ပါသော တောင်သူလယ်သမားများခင်ဗျား-

ရှေးယခင် မိမိတို့ ဘိုး၊ ဘွား၊ အဖေ၊ အမေများ ကာလက **"ပညာမရှိ၍ လယ်လုပ်သည်"**ဟူသည့် အယူအဆ အတွေးအခေါ် ဟောင်းအား ပြောင်းလဲပြီး **"ပညာတတ်ပြီး လယ်လုပ်ခြင်း"**အားဖြင့် တောင်သူလယ်သမားများ၏ လူနေမှုဘဝနှင့် နိုင်ငံတော်၏ လယ်ယာကဏ္ဍအား အရှိန်အဟုန်မြှင့်တင် တိုးတက်ဖွံ့ဖြိုးအောင် စီမံဆောင်ရွက်ပေးလျက်ရှိနေပြီဖြစ်ပါသည်။

နိုင်ငံနှင့်အဝန်း အကြားအလပ်မကျန်အောင် တောင်သူလယ်သမားများ၏ မိသားစုများ အခြေခံပညာကျောင်းများတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာများသင်ယူကြရာတွင် စိုက်ပျိုးရေးဘာသာရပ်အား သင်ရိုးညွှန်းတမ်းပြဋ္ဌာန်းဘာသာရပ်အဖြစ် သင်ကြားပေးနိုင်ရေးအတွက် ပညာရှင်များမှ အတန်းလိုက် ပြုစုရေးဆွဲနိုင်ခဲ့ပြီးဖြစ်ပါသည်။ အခြေခံပညာကျောင်းများတွင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ စတင်ပြီး လက်လှမ်းတမီ ထိထိရောက်ရောက် သင်ကြားပေးနိုင်တော့မည်ဖြစ်သည့်အတွက် နိုင်ငံနှင့် အဝန်း စိုက်ပျိုးရေးကဏ္ဍအား မိသားစုတစ်ပိုင်တစ်နိုင်အဆင့်မှ စီးပွားဖြစ်တိုးတက်ဖြစ်ထွန်းမှုကို အထောက်အကူပြုနိုင်တော့မည် ဖြစ်ပါသည်။

လူသားတိုင်း၏ ဘဝတွင် အဓိကလိုအပ်ချက်ဖြစ်သည့် စားရေး၊ ဝတ်ရေးနှင့် နေရေး၌ နေ့စဉ်နှင့်အမျှ လိုအပ်ချက်မှာ စားရေးကိစ္စဖြစ်ပါသည်။ နေ့စဉ်တိုးတက်လာနေသည့် လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရေးမှာ အလွန်အရေးပါသည့်အချက် ဖြစ်ပါသည်။ ယခုအခါတွင် ကမ္ဘာ့လူဦးရေမှာ သန်းပေါင်း ၇၀၀၀ ကျော်ရှိလာနေသော်လည်း ကမ္ဘာမြေ၏ အရွယ်အစားမှာ ပြောင်းလဲလာခြင်းမရှိသဖြင့် တိုးတက်လာနေသည့် လူဦးရေအတွက် စားနပ်ရိက္ခာကို ယခင်ကထက် နှစ်ဆသုံးဆ တိုးတက်ထုတ်လုပ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေရပါသည်။

မိမိတို့နိုင်ငံတွင် သင့်တင့်မျှတသော ရာသီဥတု၊ ပေါကြွယ်ဝသည့်ရေမြေသယံဇာတများ ပိုင်ဆိုင်ထားသည်ဖြစ်ရာ မကြာတော့မည့် နှစ်အနည်းငယ်အတွင်း တိုးပွားလာမည့် လူဦးရေ သန်း ၁၀၀ အတွက် နိုင်ငံ၏ စားနပ်ရိက္ခာ ဖူလုံရေးသာမက ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်အောင် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် အိမ်နီးချင်းစိုက်ပျိုးရေးနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်ရန် စိတ်ဓာတ်ပြောင်းလဲမှု၊ မြေယာပြုပြင်ပြောင်းလဲမှု၊ စက်မှုလယ်ယာစနစ်ပြောင်းလဲမှု၊ အထွက်တိုးမျိုးကောင်းမျိုးသန့်များ ပြောင်းလဲမှုကို ဆောင်ရွက်မှသာ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လျက် စိုက်ပျိုးရေးထုတ်ကုန်အခြေခံ စက်မှုနိုင်ငံအဖြစ်သို့ ကူးပြောင်းရေးရည်မှန်းချက်များ အောင်မြင်နိုင်မည် ဖြစ်ပါသည်။

လယ်ယာကဏ္ဍတိုးတက်မှုကို အရှိန်အဟုန်မပျက် ဆက်လက်တိုးတက်ရေးအတွက် လယ်ယာထွက်ကုန်များအပေါ် စီးပွားရေးအရ တွက်ခြေကိုက်မှုရှိရေး၊ ဈေးကွက်ခိုင်မာရေး၊ ဈေးကောင်းရမည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ အသုံးပြုနိုင်ရေး၊ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များအသုံးပြုနိုင်ရေး၊ စိုက်ပျိုးရေးအပါအဝင် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ စသည့် သွင်းအားစုများကို အချိန်ကိုက်နှင့် အချိုးကျထည့်သွင်းအသုံးပြုနိုင်ရေး၊ သီးနှံစိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ လေလွင့်ဆုံးရှုံးမှု၊ ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ရောင်းဝယ်လွှဲပြောင်းမှုကုန်ကျစရိတ်များ လျော့နည်းသက်သာစေရေးတို့ကို အဓိကထား အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ချစ်ကြည်လေးစားအပ်ပါသော တောင်သူလယ်သမားများခင်ဗျား-

နိုင်ငံနှင့်အဝန်း နိုင်ငံသားအားလုံးတို့၏ လိုအင်ဆန္ဒဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအား အရှိန်အဟုန်မြှင့်တင် တည်ဆောက်အကောင်အထည်ဖော်နိုင်ရေးအတွက် တောင်သူလယ်သမားများ အပါအဝင် ပြည်ထောင်စုတစ်ဝန်းလုံးရှိ နိုင်ငံသားများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် တစ်လှေတည်းစီး တစ်ခရီးတည်းအတူသွား တက်ညီလက်ညီဖြင့် ကြိုးပမ်းပါဝင်ဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည် ခင်ဗျား။

❖ပြည်ထောင်စုလွှတ်တော်မှ

ကာကွယ်နိုင်ပြီး ရေရှည်တည်တံ့သည့် လမ်းကွန်ရက်များဖြစ်ပေါ်လာမည်ဟု သုံးသပ်တင်ပြလိုပါကြောင်း။

အလားတူ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအနေဖြင့် ဦးစီးဌာနအလိုက် ငွေလုံးငွေရင်း လျာထားတင်ပြချက် စုစုပေါင်းလျာထားငွေပမာဏ၏ (၂၀)ရာခိုင်နှုန်းလျှော့၍ ခွင့်ပြုသင့်ပါကြောင်း၊ အဆိုပါဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များအနက် လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်ပေးခြင်းနှင့် နည်းပညာတက္ကသိုလ်များတွင် အမှန်တကယ်လိုအပ်သည့် သင်ထောက်ကူပစ္စည်းများ ဖြည့်တင်းပေးခြင်းနှင့် ကွန်ပျူတာများကို ကျောင်းသားဦးရေပေါ် အခြေခံ၍ လုံလောက်အောင် စီစဉ်ဆောင်ရွက်သင်ကြားပေးရေးတို့ကို အထူးအလေးထားဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန်က ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ကို တိုးတက်ဖြစ်ထွန်းစေရန်ဟူ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၂၂)၊ အပိုဒ်(က)နှင့် (ခ)တွင်ပါရှိသည့်အတိုင်း မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်လိုင်းများတွင် တိုင်းရင်းသားများ၏ အစီအစဉ်များကို အချိန်အတိုင်းအတာများဖြင့် ထုတ်လွှင့်ပေးမည့် စီမံချက်များထားရှိ၍ လုပ်ဆောင်သွားသင့်ပြီဖြစ်ပါကြောင်း။

ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မြန်မာ့ရိုးရာဆိုကရေးတီး ပြိုင်ပွဲအဆင့်ဆင့်တွင် တိုင်းရင်းသားများ၏ အဆို၊ အက၊ အရေး၊ အတီး၊ အနုပညာ၊ ယဉ်ကျေးမှုများကိုပါ ထည့်သွင်း၍ တိုင်းရင်းသားများအားလုံး၏ အနုပညာ၊ ယဉ်ကျေးမှုများကို ထိန်းသိမ်းဖော်ထုတ်မြှင့်တင်သွားနိုင်ရန်အတွက် လာမည့် ၂၀၁၂-၂၀၁၃ စီမံကိန်းတွင် စီမံချက်များ ရေးဆွဲထည့်သွင်းအကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာဘာသာစကားနှင့် နီးစပ်ထိတွေ့ရင်းနှီးမှုနည်းပါးသေးသော (သို့မဟုတ်)လုံးဝမရှိသေးသော တိုင်းရင်းသားကလေးငယ်များအား မြန်မာဘာသာစကားနှင့် စတင်ထိတွေ့ပြီး စာစသင်ချိန် မူလတန်းအောက်အဆင့်တွင် ပညာရေးအောင်မြင်မှုများရရှိစေရန် ကလေးများအား သူတို့အကောင်းဆုံး နားလည်သော တိုင်းရင်းသားဘာသာစကားဖြင့်တွဲလျက် သင်ကြားသွားလျှင် အင်မတန်မှ အကျိုးရှိမည်ဖြစ်ပြီး ခိုင်မာသောပညာရေးအခြေခံကို တည်ဆောက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း အသက်သွင်းမှုအခန်းကဏ္ဍကို ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် မူလတန်းအောက်အဆင့်တွင် ဒေသခံတိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာစကားနှင့် တွဲဖက်၍ သင်ကြားသောစနစ်ကို ပညာရေးစီမံကိန်းတွင် ရေးဆွဲထည့်သွင်း၍ သင်ကြားသွားသင့်ပါကြောင်း။

သာသနာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရသုံးမှန်းခြေငွေစာရင်းတွင် ဘာသာတိုင်းအတွက် ငွေစာရင်းခေါင်းစဉ်များ ထည့်သွင်းရေးဆွဲရန် လိုအပ်နေပြီဖြစ်ကြောင်း၊ အလားတူ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရန် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့အတွက် အသုံးပြုရန် ရန်ပုံငွေကို ပြည်သူ့လွှတ်တော်မှ အတည်ပြုခဲ့ပါကြောင်း၊ ယနေ့ မြန်မာနိုင်ငံ၏ အရေးကြီးသော ထာဝရငြိမ်းချမ်းရေး မဖြစ်မနေ ကြိုးစားဖော်ဆောင်နေသော ကိစ္စရပ်များတွင် အတိုင်းအတာတစ်ခုအထိ ကူညီထောက်ပံ့မှုရနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းများတွင် ထည့်သွင်းအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် တင်ပြအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ရည်မှန်းထားသည့်လုပ်ငန်းစဉ်အတိုင်း လေဆိပ်နှင့်နယ်စပ်ဒေသ ဝင်/ထွက် စခန်းများ၌ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း IT ကွန်ရက်တပ်ဆင်သွားနိုင်ရေးစီမံကိန်းထည့်သွင်းပေးရန်ဖြစ်ပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးမှုလုပ်ငန်းနှင့် အိမ်ထောင်စုစာရင်းထုတ်ပေးမှုလုပ်ငန်းကို ဒေသအနှံ့ ကွက်ပြည့်စိစစ်ဆောင်ရွက်ရေးကို ထည့်သွင်းဆောင်ရွက်ပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်းက နိုင်ငံခြားရေးဝန်ကြီးဌာန၏ လုပ်ငန်းများအနက် အဆောက်အအုံပိုင်းတွင် သံအမတ်ကြီးနေအိမ်၊ ဝန်ထမ်းနေအိမ်၊ ရုံးအဆောက်အအုံ မွမ်းမံပြင်ဆင်ရန် ဖော်ပြထားခြင်းသည် နိုင်ငံ၏ပြယုဂ်ဖြစ်သည့်အတွက် ခွင့်ပြုရမည့်လုပ်ငန်းဖြစ်ကြောင်း၊ အခြားလုပ်ငန်းများအပိုင်းတွင် နိုင်ငံတော်အတွက် နယ်နိမိတ်မျဉ်းကြောင်းထင်ရှားစေရန် မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ကြောင်း၊ ရုံးသုံးစက်ကိရိယာများ၊ ပရိဘောဂများနှင့် ယာဉ်များအပိုင်းတွင် လိုအပ်မှုအများဆုံး ပါဝင်သည့်အတွက် လုပ်ငန်းလိုအပ်ချက်ကိုမူတည်ပြီး စိစစ်သုံးစွဲဆောင်ရွက်ရန်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး(၁၈)ရက်မြောက်နေ့ကို မတ် ၅ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အစည်းအဝေး၌ နိုင်ငံတော်သမ္မတမိန့်ခွန်းပြောကြားခြင်းနှင့် အမျိုးသားစီမံကိန်းဥပဒေကြမ်းအား ဆက်လက်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၇)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ

နေပြည်တော် မတ် ၁

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၂၀၁)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် **အဆိုဆွေးနွေးခြင်းကဏ္ဍ၌** ယမန်နေ့က တင်သွင်းခဲ့သော ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဉာဏ်လင်း၏ **"ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ ဝိဇ္ဇာပညာရပ်များနှင့် သိပ္ပံပညာရပ်များ သင်ကြားပေးနေသော တက္ကသိုလ်များ၌ နိုင်ငံရေးဘာသာရပ်ကို ထပ်ဆောင်းဘာသာရပ် (Additional Subject) အဖြစ် သင်ကြားပေးနိုင်ပါရန်"** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမှတ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်၊ ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဦးငွေးရယ်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသန်းဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဝင်းမောင်၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဇုန်လှယ်ထန်းနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်ငြိမ်းတို့က ထောက်ခံဆွေးနွေးကြသည်။

ယင်းသို့ ဆွေးနွေးရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပညာရေးကဏ္ဍတွင် ကျောင်းသား ကျောင်းသူများအား စစ်မှန်သော နိုင်ငံရေးအသိစိတ်ဓာတ် ပြည့်ဝစေရန်နှင့် နိုင်ငံရေးအတွေးအခေါ်များ ရင့်သန်လာစေရေးအတွက် နိုင်ငံရေးသိပ္ပံဘာသာရပ် (Political Science)ကို အခြေခံပညာအလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်အလိုက် သင်ကြားပို့ချသင့်ကြောင်းနှင့် အထူးသဖြင့် တက္ကသိုလ်အဆင့်တွင် နိုင်ငံရေးသိပ္ပံဌာနကြီးတစ်ခု ဖွင့်လှစ်ပြီး ထပ်ဆောင်းဘာသာရပ်ဖြင့် သင်ကြားပို့ချပေးသင့်ကြောင်း၊ နောင်တစ်ချိန်တွင် တိုင်းပြည်၌ အဆင့်ဆင့်သော တာဝန်ရှိသူများ၊ နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုမည့် နိုင်ငံ့ခေါင်းဆောင်ကောင်းများ ဖြစ်လာမည့် ကျောင်းသား ကျောင်းသူများ၌ ယခုကတည်းက နိုင်ငံရေးအမြင်နှင့် နိုင်ငံချစ်စိတ်ရှိရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းတတ်ရန်အတွက် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များကို နိုင်ငံရေးဘာသာရပ်က မွေးမြူပေးနိုင်သည့်အတွက် ထည့်သွင်းသင်ကြားပေးသင့်ကြောင်းဖြင့် ထောက်ခံဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေက ပညာရေးဝန်ကြီးဌာနသည် ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်သော မျိုးဆက်သစ်လူငယ်များ ဖြစ်ပေါ်လာရေးအတွက် စိတ်ဓာတ်ကြံ့ခိုင်၍ အတွေးအမြင်၊ အမူအကျင့်၊ အလေ့အထကောင်းများ ရရှိရေးတို့ကို လေ့ကျင့်ပေးလျက်ရှိပါကြောင်း၊ ရိုးသား၍ ကြီးပွားတိုးတက်လိုသည့် စိတ်ဓာတ်၊ ရိုးရာယဉ်ကျေးမှုကို မြတ်နိုးဂုဏ်ယူပြီး ထိန်းသိမ်းတတ်သည့် စိတ်ဓာတ်၊ တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ စာနာထောက်ထားတတ်မှု စိတ်ဓာတ်ကောင်းများဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်အတွက် အလေ့အကျင့်ကောင်းများရရှိရန်အတွက် တက္ကသိုလ်၊ ဒီဂရီကောလိပ်များရှိ ပထမနှစ် ဘွဲ့ကြိုသင်တန်းများအားလုံးတွင် မသင်မယူမနေရ ဘာသာရပ်အဖြစ် မြန်မာ့ရေးရာဘာသာရပ်ကို သင်ကြားပို့ချလျက်ရှိပါကြောင်း။

ထိုသို့ သင်ကြားပို့ချရာတွင် သမိုင်းဌာနများက ပထမနှစ်ဝက်၌ AM-1001 Aspects of Myanmar ဘာသာရပ်၏ သင်ရိုးမာတိကာဖြစ်သော Land and People, History, Foreign Policy and Relations, Economy တို့ကို တစ်ပတ်လျှင် သင်ကြားပို့ချချိန် (၂)နာရီနှင့် နည်းပြချိန် (၂)နာရီဖြင့် သင်ကြားပို့ချပေးလျက်ရှိပါကြောင်း၊ မြန်မာစာဌာနများက ဒုတိယနှစ်ဝက်၌ AM-1002 Aspects of Myanmar ဘာသာရပ်၏ သင်ရိုးမာတိကာများဖြစ်သော Literature, Language, Tradition and Culture တို့ကို တစ်ပတ်လျှင် သင်ကြားပို့ချချိန် (၂)နာရီနှင့် နည်းပြချိန်(၂)နာရီဖြင့် သင်ကြားပို့ချပေးလျက်ရှိပါကြောင်း၊ ထို့ပြင် စာမေးပွဲတွင် စဉ်းစားတွေးခေါ်၍ အကျိုးသင့်အကြောင်းသင့် ဝေဖန်ဆွေးနွေးဖြေဆိုရသည့် (၂)နာရီ မေးခွန်းဖြင့် စစ်ဆေးပါကြောင်း။

ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ ပညာသင်ယူနိုင်မှု အခွင့်အလမ်းကောင်းများ ဖွင့်ပေး၍ အရည်အချင်းမြင့်မားပြီး နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် အသိပညာရှင် အတတ်ပညာရှင်များ မွေးထုတ်ပေးရန်အတွက် ပထမနှစ် ဘွဲ့ကြိုသင်တန်းများအားလုံးတွင် မြန်မာ့ရေးရာဘာသာရပ်ကို သင်ကြားပို့ချလျက်ရှိသည့်အတွက် အဆိုကို မှတ်တမ်းတင်ထားသင့်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားရယူရာ ထောက်ခံသည့် လွှတ်တော်ကိုယ်စားလှယ်များသည့်အတွက် အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။



ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးငွေးရယ် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ညနေ ၃ နာရီ မိနစ် ၂၀ တွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်လက်ထက်
ပဲခူးတိုင်းဒေသကြီးအတွင်းရှိပြည်သူများအတွက်တည်ဆောက်ပေးခဲ့သည့် အခြေခံကျန်းမာရေးအဆောက်အအုံများ

ဖြူးမြို့နယ် ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံ

* ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ခုတင် (၅၀)ဆံ့ ပြည်သူ့ဆေးရုံ အဆောက်အအုံသစ်ကို ၂၀၁၁ ခုနှစ် မေ ၁၀ ရက်က ဖွင့်လှစ်ခဲ့သည်။
* ဖြူးမြို့နယ် ခုတင် (၅၀)ဆံ့ ပြည်သူ့ဆေးရုံမှာ RC ကွန်ကရစ် အမျိုးအစားဖြစ်ပြီး နှစ်ထပ်ဆောင် တစ်ဆောင်နှင့် တစ်ထပ်ဆောင် သုံးဆောင် ပါရှိသည်။
* ဆေးရုံသစ်တွင် အရေးပေါ်လူနာဌာန၊ ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်း၊ ဆေးကုသဌာန၊ ပြင်ပလူနာဌာန၊ ဆေးစတိုခန်း၊ သားဖွားဆောင်၊ အမျိုးသားကုသဆောင်၊ အမျိုးသမီးကုသဆောင်၊ အစည်းအဝေးခန်းမဆောင်နှင့် ဆရာဝန်များနားနေခန်းတို့ ပါဝင်သည်။
* ပဲခူးတိုင်းဒေသကြီးအတွင်း ဆေးရုံသစ်ကြီးများ ပေါ်ပေါက်လာသည့်အတွက် ပြည်သူများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ယခင်ကထက် ပိုမိုခံယူနိုင်မည်ဖြစ်သည်။
* ဤဒေသသည် တီဘီ၊ ငှက်ဖျားရောဂါများ အဖြစ်များသော်လည်း ယခုအခါ အချိန်တိုအတွင်း ရောဂါပပျောက်အောင် ကုသပေးနိုင်တော့မည်ဖြစ်သည်။

ခွဲစိတ်ခန်း

ခွဲစိတ်ခန်း

သတင်းမှတ်စု - မောင်ငြိမ်းအေး

တောကျွဲအင်း (၁၆)ခုတင်ဆံ့တိုက်နယ်ပြည်သူ့ဆေးရုံ

* ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်တံခါးမြို့နယ် တောကျွဲအင်း (၁၆)ခုတင်ဆံ့ တိုက်နယ်ပြည်သူ့ဆေးရုံသစ်ကို ၂၀၁၁ ခုနှစ် မေ ၁၀ ရက်က ဖွင့်လှစ်ခဲ့သည်။
* ကျောက်တံခါးမြို့နယ် တောကျွဲအင်း (၁၆)ခုတင်ဆံ့တိုက်နယ်ပြည်သူ့ဆေးရုံသစ်မှာ RC ကွန်ကရစ်အမျိုးအစားဖြစ်ပြီး မြေ ၄ ဒသမ ၀၉ ဧက ပေါ်တွင် တည်ဆောက်ထားသည်။
* ဆေးရုံသစ်တွင် ပြင်ပလူနာဌာန၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ ဆေးစတို၊ အမျိုးသားကုသဆောင်၊ အမျိုးသမီးကုသဆောင်၊ ကလေးကုသဆောင်နှင့် သားဖွားခန်းတို့ပါရှိသည်။

မကွေးတိုင်းဒေသကြီးသည် ယခင်က ဒေသဝမ်းစာ ဖူလုံမှုမရှိသည့် ဒေသဖြစ်

နိုင်ငံတော်က ဆည်၊ ကန်နှင့် မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ဝမ်းစာဖူလုံရုံမက ကျော်လွန်နေပြီ

နေပြည်တော် မတ် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ဖေဖော်ဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ မြို့တော်ခန်းမ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဒုတိယသမ္မတအား မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေသခံမြို့မိမြို့ဖတစ်ဦးက ဒေသအတွင်း ကျန်းမာရေး၊ ပညာရေး၊ ဒေသဖွံ့ဖြိုးရေးတို့အတွက် လိုအပ်ချက်များကိုတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဘရွှေနှင့် ဦးအုန်းသန်းတို့က သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ လုပ်ငန်းတာဝန်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဌာနဆိုင်ရာများမှ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ပြန်လည်ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဒုတိယသမ္မတသည် တင်ပြချက်များဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး လိုအပ်ချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိုင်ငံတော်၏ မူဝါဒများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ပထမဦးစားပေးအနေဖြင့် ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး တင်ပြချက်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် ဖြစ်ကြောင်း။

ဒုတိယအချက်အနေဖြင့် ဌာနဆိုင်ရာများ၏ တင်ပြချက်များနှင့် ပတ်သက်၍ ဒေသစီးပွားရေးဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များအား နိုင်ငံတော်၏ ရည်မှန်းချက်များနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရန် ဖြစ်ကြောင်း။

တတိယအချက်အနေဖြင့် ယနေ့ နိုင်ငံတော်၏ ဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားရန် ဖြစ်ကြောင်းဖြင့် ပဏာမပြောကြားသည်။

ဆက်လက်၍ ခရီးစဉ်တွင် လိုက်ပါလာကြသည့် လုပ်ငန်းရှင်များက မကွေးတိုင်းဒေသကြီး မျက်စိဖောင်ဒေးရှင်းအတွက် ပထမအကြိမ် လှူဒါန်းငွေကျပ်သိန်း ၅၀၀ ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယသမ္မတသည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ဒေသအခြေအနေများကို မေးမြန်းပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မကွေးမြို့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် တိုင်းဒေသကြီး ဆေးရုံအဆောင်သစ်တိုးချဲ့နိုင်ရေးအတွက် စီမံဆောင်ရွက်ထားမှုနှင့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လုပ်ငန်းရှင်များက ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေကျပ်သိန်း ၁၀၀ ကို ဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး လိုက်ပါလျက် ရဟတ်ယာဉ်များဖြင့် မြန်မာ-တရုတ် သဘာဝဓာတ်ငွေ့နှင့်ရေနံပိုက်လိုင်း စကုပိုက်ဆက်လုပ်ကွက်သို့ ရောက်ရှိကြရာ CNPC ၏ရုံးခွဲ South East Asia Pipeline Co.,Ltd. ဒုတိယဥက္ကဋ္ဌ Mr. Cui Xin Hua နှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတအား ယာယီရှင်းလင်းဆောင်၌ စွမ်းအင်ဝန်ကြီး



ဌာနပြည်ထောင်စုဝန်ကြ…
မြန်မာ-တရုတ် သ…
ရေနံပိုက်လိုင်း(မြန်မာနို…
ကိန်းလုပ်ငန်း ဆော…
အကျယ်တဝင့်ရှင်းလင်း…
ထို့နောက် ဒုတိယ…
ကုမ္ပဏီဒုတိယဥက္ကဋ္ဌ M…
က သဘာဝဓာတ်ငွေ့န…

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရေနံချောင်းမြို့နယ် ဆားတိုင်ကျေးရွာမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး မြန်မာ-တရုတ် သဘာဝဓာတ်ငွေ့နှင့် ရေနံပိုက်လိုင်း စကုပိုက်ဆက်လုပ်ကွက်၌ ဒေ… လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများအား ရှင်းလင်းပြောကြားစဉ်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် မတ် ၁

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ လပ်ဗ်ရော့ဗ်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံသို့ ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၁ ရက်အထိ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြသည်။

ဖေဖော်ဝါရီ ၂၇ ရက် နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ရုရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ လပ်ဗ်ရော့ဗ်နှင့် အတူ မော်စကိုမြို့ရှိ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ဂေဟာ၌ကျင်းပသည့် မြန်မာ-ရုရှား နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။ အဆိုပါ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ၌ ဝန်ကြီးနှစ်ဦးသည် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ ထိုသို့ဆွေးနွေးရာတွင် နှစ်နိုင်ငံအကြား ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် အားကစားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ခရီးသွားလာရေးလုပ်ငန်းကဏ္ဍ၊ စစ်ဘက်ဆိုင်ရာ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ သတ္တုနှင့်စွမ်းအင်ကဏ္ဍ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းရည်မြှင့်တင်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး စသည့်ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ကိစ္စများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ချက်များ၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို ရုရှားနိုင်ငံခြားရေးဝန်ကြီးအား အသိပေးဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးတို့သည် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ဂေဟာ၌ သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ခဲ့ပြီး သတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည် ဖြေကြားခဲ့ကြသည်။

ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၃ နာရီတွင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမင်းသိန်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ လိုက်ပါလျက် ရုရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဒီမီထရီ ရိုဂိုဇင်အား ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ရုရှားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် ဗာလန်တီနာ မတ်တီဗီယန်ကိုအား ရုရှားအထက်လွှတ်တော်သို့ သွားရောက်တွေ့ဆုံကာ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် လွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ဆက်ဆံရေးတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဖေဖော်ဝါရီ ၂၉ ရက် ညနေပိုင်းတွင် မော်စကိုမြို့ရှိ မြန်မာသံရုံးကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး မြန်မာသံအမတ်ကြီးနေအိမ်၌ သံရုံးဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂-၃-၂၀၁၂ (သောကြာနေ့)

၅း၄၀	"ပစ္စည်းကိုရှာ မေတ္တာကိုခင်း တရားသွင်း" တရားတော် (ယောဆရာတော်ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ)
၉း၁၅	Activities In The City [(မအူပင်စက်မှုလက်မှုသိပ္ပံ နည်းပညာကောလိပ်)နည်းပညာ တက္ကသိုလ်၏အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ]
၁၀း၂၅	ပန်းတစ်ပွင့်တောင်တော်မြတ် အရေးပေါ် လူနာကူညီပို့ဆောင်မှု ယာဉ်အသင်းဖွင့်ပွဲအခမ်းအနား
၁၀း၃၅	Ta-Fa Trading Co.,Ltd. ၏ အလှကုန်ပစ္စည်းသစ်မိတ်ဆက်ခြင်းနှင့် ကံထူးရှင်ရွေးချယ်ပွဲအခမ်းအနား
၁၀း၅၀	Asian Wings Airways ၏ (၁)နှစ်ပြည့်နှစ်ပတ်လည်အခမ်းအနား
၄း၀၀	MNL MYANMAR 2012 (Ayeyarwady United FC Vs Southern Myanmar FC)(LIVE)
၆း၁၅	Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဒါရိုက်တာမောင်မောင်မြင့်) (အပိုင်း-၁)
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၉)**
၇း၂၅	Fashion Week
၇း၄၀	ရေပြင်အလှသူတို့ဘဝ
၈း၃၀	အနုပညာမိုးကောင်းကင်
၉း၂၀	The Shop Around The Corner (Part-35)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညှင်းနံရာ" (အပိုင်း-၈၆)**
၁၀း၂၀	Style ရှိမှ Star ဖြစ်မယ်
၁၁း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်မေတ္တာဖြင့်လှစေသူ" (အပိုင်း-၁)**
၁၂း၄၀	Intellectual Talk (HIV/AIDS သမိုင်းကြောင်း တစ်လျှောက်အောင်မြင်မှုများနှင့် စိန်ခေါ်မှုများ) (ဒေါက်တာစစ်နိုင်၊ ကိုကိုလှိုင်)
၄း၀၀	သတ္တုစပ်နည်းပညာမှသည် အကြွင်းမဲ့လုံခြုံမှုဆီသို့

(၂၇၈)ကြိမ်မြောက် အောင်ဘာလေထီဖွင့်

နေပြည်တော် မတ် ၁

(၂၇၈)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

အထူးဆုကြီးတစ်ဆုကျပ်သိန်း(၁၅၀၀)
ခ-၁၀၇၂၄၃

ဆုကြီးတစ်ဆုချင်းကျပ်သိန်း(၁၀၀၀)
ပ-၃၃၆၀၅၉

ဆုကြီးတစ်ဆုချင်းကျပ်သိန်း(၅၀၀)
ခ-၇၉၅၅၂၂

ဆုကြီးတစ်ဆုချင်းကျပ်သိန်း(၃၀၀)ဆုများ
ဖ-၅၇၄၀၁၁
ဒ-၄၂၇၄၀၉

ဆုကြီးတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ
ဈ-၉၃၈၂၆၆
ဇ-၄၆၃၃၃၄
တ-၈၆၄၁၇၆
လ-၈၅၉၈၅၄

ကျပ်သိန်း(၁၀၀)ယူနစ် (မင်္ဂလာစုံတွဲစနစ်)ဆုမဲများ
ဋ-၈၉၃၀၅၀
ရ-၆၆၂၃၃၆
န-၄၆၂၄၅၄
ဌ-၃၄၃၉၈၀
ထ-၈၇၅၄၈၆
လ-၅၇၀၉၆၂
ဌ-၆၀၅၆၇၃
မ-၁၃၇၉၄၆
လ-၈၇၄၃၂၃
စ-၉၃၇၅၅၆
က-၆၀၄၉၁၇
ဖ-၁၅၉၀၂၀
န-၄၆၆၀၂၀
ရ-၆၈၇၀၂၆
ဋ-၁၂၆၃၃၄

မြန်မာနိုင်ငံ…
မကွေးတိုင်းဒေ…

ပြည်ထောင်စု… မိခင်နှင့်ကလေး စော… အမျိုးသမီးရေးရာအဖွဲ့ရုံ… တွေ့ဆုံသည်။

ရှေးဦးစွာ ဒေါ်ခင်… စကားပြောကြားရာ၌ မိ… နိုင်ငံတော်တွင် တစ်ဖ… ကူညီမှုပေးနေသော… စေတနာ့ဝန်ထမ်းအဖွဲ့မ…

မိခင်နှင့်ကလေး… အသင်း၏ ပညာရေး၊ စ… စောင့်ရှောက်မှုလုပ်ငန်း… များအတွက် စဉ်ဆက်မ… လုပ်ပေးစေလိုပါကြော… သည် ကာယအား၊ ဉာဏ… အားတို့ဖြင့် ဖွံ့ဖြိုး… တစ်တပ်တစ်အား… နေခြင်းဖြစ်၍ များစွာ… ပြောကြားသည်။

ထို့နောက် မ… မိခင်နှင့်ကလေး စော… ရေးအဖွဲ့နာယက က… မိခင်နှင့်ကလေး စော… ရေးအဖွဲ့၏ ဆောင်ရွ… လည်းကောင်း၊ မ…

...သဖြစ် ...ကျော်လွန်နေပြီ

...င့် မြို့နယ်အဆင့်ဌာနဆိုင်ရာ

...သည် မြန်မာနိုင်ငံဆိုင်ရာ ...်အမတ်ကြီး လိုက်ပါလျက် ...များဖြင့် မြန်မာ-တရုတ် ...ငွေ့နှင့်ရေနံပိုက်လိုင်း စကု ...ကွက်သို့ ရောက်ရှိကြရာ ...ရုံးခွဲ South East Asia ...o.,Ltd. ဒုတိယဥက္ကဋ္ဌ Mr. ...ua နှင့် ဝန်ထမ်းများ၊ ဒေသခံ ... လူမှုရေးအသင်းအဖွဲ့ဝင် ...နှုတ်ဆက်ကြသည်။

...က် ဒုတိယသမ္မတအား ...င်းဆောင်၌ စွမ်းအင်ဝန်ကြီး

ဌာနပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက မြန်မာ-တရုတ် သဘာဝဓာတ်ငွေ့နှင့် ရေနံပိုက်လိုင်း(မြန်မာနိုင်ငံ)အပိုင်း စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုများကို အကျယ်တဝင့်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတအား SEAP ကုမ္ပဏီဒုတိယဥက္ကဋ္ဌ Mr. Cui Xin Hua က သဘာဝဓာတ်ငွေ့နှင့် ရေနံပိုက်လိုင်း များ သွယ်တန်းပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်နေမှုနှင့် ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်မှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက သဘာဝဓာတ်ငွေ့နှင့် ရေနံပိုက်လိုင်းလုပ်ငန်း ဆောင်ရွက်ရာတွင် အပိုင်းသုံးပိုင်းရှိကြောင်း၊ ပထမအပိုင်းအနေဖြင့် ပင်လယ်ပြင်ပိုက်လိုင်းသွယ်တန်းမှု၊ ဒုတိယအပိုင်းအနေဖြင့် ကုန်းတွင်းပိုင်း ပိုက်လိုင်းသွယ်တန်းမှု၊ တတိယအပိုင်းအနေဖြင့် တရုတ်နိုင်ငံအတွင်း ကုန်းတွင်းပိုင်းသဘာဝဓာတ်ငွေ့နှင့် ရေနံစိမ်းပိုက်လိုင်းသွယ်တန်းမှုလုပ်ငန်း သုံးပိုင်းစလုံး သတ်မှတ်ချိန်အတိုင်း တစ်ပြိုင်တည်း ပြီးစီးနိုင်ရေး၊ လုပ်ငန်းနှင့်ဆက်စပ်ဒေသများရှိ ဒေသခံလူထုအတွက် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးအစရှိသည့် လူမှုစီးပွား ဆောင်ရွက်မှုများအပြင် လူမှုရေးဆိုင်ရာ စောင့်ရှောက်ကာကွယ်ပေးရေးတို့ကို အလေးထားဆောင်ရွက်သွားကြရန်၊ လက်ရှိပိုက်ခင်းခြင်းလုပ်ငန်းများပြီးစီးပြီး ပုံမှန်လုပ်ငန်းများ ဆောင်ရွက်ချိန်၌ လုပ်ငန်းများအလိုက် ဒေသခံလူထုများကို အလုပ်အကိုင်ခန့်ထားပေးနိုင်ရေးအတွက် ကြိုတင်စီမံဆောင်ရွက်ပေးရန်၊ မူလရည်မှန်း သတ်မှတ်ချိန်ဖြစ်သည့် ၂၀၁၃ ခုနှစ် မေလတွင် လုပ်ငန်းများပြီးစီးရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရေးဖြင့် အကျယ်တဝင့်မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် SEAP ကုမ္ပဏီဒုတိယဥက္ကဋ္ဌအား သစ်သီးခြင်းကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတသည် ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများအား တွေ့ဆုံ၍ ဒေသတွင်လက်ရှိဆောင်ရွက်နေမှုများ၊ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ရသည့် ရည်ရွယ်ချက်၊ ဒေသနေပြည်သူများ၏ နစ်နာမှုမရှိစေရေး ကြီးကြပ်ဆောင်ရွက်ပေးနေမှု၊ ဒေသနေပြည်သူများ အလုပ်အကိုင် ရရှိရေးညှိနှိုင်းဆောင်ရွက်ပေးနေမှုများကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဒေသခံပြည်သူများကလည်း နိုင်ငံတော်၏ ရည်မှန်းချက်အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြီး လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စကုနယ်မြေအတွင်း သဘာဝဓာတ်ငွေ့နှင့် ရေနံပိုက်လိုင်း သွယ်တန်းမှု၏ ပထမအဆင့် ဂဟေဆော်ခြင်း၊ အပူပေးဂဟေဆော်ခြင်းနှင့် ဂဟေအပြည့်ဆော်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး သဘာဝဓာတ်ငွေ့နှင့် ရေနံပိုက်လိုင်းသွယ်တန်းထားသည့် အခြေအနေများကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးပြီး မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ပွင့်ဖြူမြို့ ဗိုလ်ဥတ္တမခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံသည်။

ရှေးဦးစွာ ဒုတိယသမ္မတအား ပွင့်ဖြူမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူးတို့က ခရိုင်အတွင်း မြို့နယ်အလိုက် ပညာရေးနှင့် ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဒေသလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပွင့်ဖြူမြို့နယ် မြို့မိမြို့ဖတစ်ဦးက ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက မိမိ၏ ခရီးစဉ်တွင်လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးတို့နှင့် မိတ်ဆက်ပေးပြီး ဝန်ကြီးဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီးနောက် အမှာစကားပြောကြားရာတွင် မကွေးတိုင်းဒေသကြီးသည် ယခင်က ဒေသဝမ်းစာ ဖူလုံမှုမရှိသည့်ဒေသဖြစ်ကြောင်း၊ နိုင်ငံတော်က ဆည်၊ ကန်နှင့် မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် တိုင်းဒေသကြီးတစ်ခုလုံးအနေဖြင့် ဝမ်းစာဖူလုံရုံမက ကျော်လွန်နေပြီဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးတွင် လက်ရှိလူဦးရေ ၅၅ သိန်းရှိရာ နောင် ၁၄-၅ နှစ်တွင် ဖြစ်ပေါ်လာမည့် လူဦးရေသိန်း ၁၀၀ ခန့်အတွက် ရည်မှန်း၍ ကြိုတင်ဆောင်ရွက်ဖွယ်ရာများကို ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

မင်းဘူးခရိုင်အနေဖြင့် စိုက်ပျိုးသီးနှံများ၏ ၉၀ ရာခိုင်နှုန်းခန့်သည် ဆည်ရေသောက်ဧရိယာများ ဖြစ်ကြောင်း၊ ယခုနှစ်စိုက်ပျိုးရာသီတွင် စုစုပေါင်းစိုက်ဧကမှာ ၂၅၆ ရာခိုင်နှုန်းအထိ စိုက်ပျိုးနိုင်သည်ကို တွေ့ရှိရသဖြင့် မှတ်တမ်းတင်ပါကြောင်း၊ ရေခံမြေခံကောင်းသည့်ဒေသဖြစ်ရာ သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိအောင် ဆက်လက်ဆောင်ရွက်စေလိုပါကြောင်း။

နိုင်ငံတော်၏ မူဝါဒအနေဖြင့်လည်း စိုက်ပျိုးရေးကဏ္ဍကို တိုးတက်ဖြစ်ထွန်းအောင်၊ စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုကဏ္ဍ တိုးတက်ဖြစ်ထွန်းအောင် ဆောင်ရွက်ရန် ချမှတ်ထားကြောင်း။

ဤဒေသတွင် စက်မှုကုန်ကြမ်းသီးနှံဖြစ်သော ဝါသီးနှံဖြစ်ထွန်းသည်ကို တွေ့ရှိရကြောင်း၊ စက်မှုကုန်ကြမ်းရှိလာက စက်ရုံများထပ်မံထူထောင်နိုင်ပြီး အလုပ်အကိုင်ရရှိမှုအခွင့်အလမ်း တိုးတက်လာမည် ဖြစ်ကြောင်း။

ဒေသအနေဖြင့် ဆည်များမှ ရေရရှိမှုကြောင့် စိုက်ပျိုးဖြစ်ထွန်းဝင်ငွေတိုးလာသည်ဖြစ်၍ တန်ဖိုးရှိသည့် ရေကို လေလွင့်မှု၊ အလဟဿပြုန်းတီးမှု မဖြစ်စေဘဲ အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးချရန် အလေးအနက် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မြို့မိမြို့ဖများနှင့် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ပွင့်ဖြူမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန် ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် မြို့နယ်ပြည်သူ့ဆေးရုံအဆင့်နှင့် လျော်ညီစွာ တိုးချဲ့လူနာဆောင် တည်ဆောက်နိုင်ရေးအတွက် လှည့်လည်ကြည့်ရှုပြီး နေရာများ သတ်မှတ်ခြင်း၊ တိုးချဲ့တည်ဆောက်နိုင်ရန် စီမံဆောင်ရွက်မှု ပြုလုပ်ပေးသည်။

ထို့နောက် ခရီးစဉ်တွင် လိုက်ပါလာကြသည့် လုပ်ငန်းရှင်များက မြို့နယ်ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေကျပ်သိန်း ၅၀ ကို ဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်းသည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ပွင့်ဖြူမြို့မှ ပြန်လည်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ရေနံချောင်းမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် မြန်မာ-တရုတ် သဘာဝဓာတ်ငွေ့နှင့် ရေနံပိုက်လိုင်းသွယ်တန်းရေး လုပ်ငန်းစီမံကိန်းမှ ဒေသခံပြည်သူများအတွက် လူမှုစီးပွားဖွံ့ဖြိုးမှုအစီအစဉ်အရ ကျောင်းဆောင်သစ် တည်ဆောက်နေသည့် ဆားတိုင်ကျေးရွာ အမှတ်(၂၁)အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတနှင့် ဇနီးနှင့်အဖွဲ့ဝင်များအား ပိုက်လိုင်းသွယ်တန်းရေးလုပ်ငန်း စီမံကိန်းမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ဆားတိုင်ကျေးရွာမှ ပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လူမှုစီးပွားဖွံ့ဖြိုးရေးအစီအစဉ်အရ လှူဒါန်းသည့် ကျောင်းဆောင်သစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတက ဆားတိုင်ကျေးရွာမှ ဒေသခံပြည်သူများအား ယခုကဲ့သို့ ပိုက်လိုင်းသွယ်တန်းမှုကြောင့် ဒေသခံပြည်သူများအတွက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးရင်း ဤကျောင်းသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ဤကဲ့သို့ တည်ဆောက်ပေးနေမှုများကို ဒေသခံပြည်သူများကလည်း ဝိုင်းဝန်း၍ ထိန်းသိမ်းသွားရန်လိုကြောင်းဖြင့် နှုတ်ဆက်စကားပြောကြားရာ ဒေသခံပြည်သူများက လှိုက်လှိုက်လှဲလှဲနှုတ်ဆက်ကြသည်။

အဆိုပါ မူလတန်းကျောင်း ငွေပဒေသာပင်အတွက် လုပ်ငန်းရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

SEAP Co., Ltd. မှ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အလျားပေ ၁၂၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ တစ်ထပ်ကျောင်းဆောင် လှူဒါန်းနေခြင်းဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် ရေနံချောင်းမြို့နယ် အတွင်းရှိ ယင်းမာချောင်း ပိုက်လိုင်းဆက်လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး ပိုက်လိုင်းဆက်သွယ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ယာယီရှင်းလင်းဆောင်ရှုရပ်မှ ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် ပိုက်လိုင်းဆက်အဖွဲ့ SEAP မှ တာဝန်ရှိသူတစ်ဦးအား သစ်သီးပန်းခြင်းကို လက်ဆောင်အဖြစ် ပေးအပ်ပြီး ရေနံချောင်းမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရေနံချောင်းမြို့နယ်အတွင်းရှိ ယင်းမာချောင်း ပိုက်လိုင်းဆက်လုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

...တ်ငွေ့နှင့် ရေနံပိုက်လိုင်း စကုပိုက်ဆက်လုပ်ကွက်၌ ဒေသခံပြည်သူများ၊ ...ပြာကြားစဉ်။ (သတင်းစဉ်)

...nion Week
...င်အလှသူတို့ဘဝ
...ပညာမိုးကောင်းကင်
... Shop Around The Corner
...t-35)
...TV-4 ရုပ်သံဇာတ်လမ်းတွဲ
...းသုံးပွင့်လေညှန်ရာ"
...ိုင်း-၈၆)
...e ရှိမှ Star ဖြစ်မယ်
...TV-4 ရုပ်သံဇာတ်လမ်းတွဲ
...်မေတ္တာဖြင့်လှစေသူ"
...ိုင်း-၁)
...llectual Talk
...V/AIDS သမိုင်းကြောင်း
...လျှောက်အောင်မြင်မှုများနှင့်
...ခါမှုများ)
...က်တာစစ်နိုင်၊ ကိုကိုလှိုင်)
...ျစပ်နည်းပညာမှသည်
...ွင်းမဲ့လုံခြုံမှုဆီသို့

...၄-၈၉၃၀၅၀
...ရ-၆၆၂၃၃၆
...န-၄၆၂၄၅၄
...ဌ-၃၄၃၉၈၀
...ထ-၈၇၅၄၈၆
...လ-၅၇၀၉၆၂
...ဌ-၆၀၅၆၇၃
...မ-၁၃၇၉၄၆
...လ-၈၇၄၃၂၃
...စ-၉၃၇၅၅၆
...က-၆၀၄၉၁၇
...ဖ-၁၅၉၀၂၀
...န-၄၆၆၁၂၁
...ရ-၆၈၇၀၂၆
...၄-၁၂၆၃၃၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနာယက ဒေါ်ခင်စောနှင်း မကွေးတိုင်းဒေသကြီးအတွင်းရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့များအား တွေ့ဆုံ

နေပြည်တော် မတ် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနာယက ဒေါ်ခင်စောနှင်းသည် ဖေဖော်ဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ရုံး၌ မကွေးတိုင်းဒေသကြီးအတွင်းရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့များအား တွေ့ဆုံသည်။

ရှေးဦးစွာ ဒေါ်ခင်စောနှင်းက အမှာစကားပြောကြားရာ၌ မိမိတို့အဖွဲ့များသည် နိုင်ငံတော်တွင် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီမှုပေးနေသော အရပ်ဘက်ဆိုင်ရာ စေတနာ့ဝန်ထမ်းအဖွဲ့များ ဖြစ်ပါကြောင်း။

မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ပညာရေး၊ စီးပွားရေး၊ လူမှုရေး စောင့်ရှောက်မှုလုပ်ငန်းများကို အမျိုးသမီးများအတွက် စဉ်ဆက်မပြတ် ဆက်လက်၍ လုပ်ပေးစေလိုပါကြောင်း၊ အသင်းဝင်များသည် ကာယအား၊ ဉာဏအားနှင့် စေတနာအားတို့ဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်တပ်တစ်အား ပါဝင်လုပ်ဆောင်နေခြင်းဖြစ်၍ များစွာဂုဏ်ယူမိပါကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက က တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ ဆောင်ရွက်ချက်အကျဉ်းကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏ ဆောင်ရွက်ချက် အကျဉ်းကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၅ မြို့နယ်မှ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေး အသင်းများအတွက် ငွေကျပ် သုံးသိန်းစီကို ပေးအပ်လှူဒါန်းခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်ခင်စောနှင်းသည် အဖွဲ့ဝင်များနှင့်အတူ မကွေးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ဖေဖော်ဝါရီ ၂၉ ရက် နံနက်ပိုင်းတွင် ရောက်ရှိပြီး ကိုယ်ဝန်ဆောင်မိခင်များအား နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ယင်းနောက် နာယကသည် မိခင်နှင့်ကလေး သားဖွားခန်းအတွက် အလှူငွေများ ထောက်ပံ့ပေးအပ်ပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် မူကြိုကျောင်းသား ကျောင်းသူလေးများအား အာဟာရပစ္စည်း လက်ဆောင်များ ပေးအပ်သည်။

ထို့နောက် နာယက ဒေါ်ခင်စောနှင်းနှင့် အဖွဲ့ဝင်များသည် ရေနံချောင်းမြို့ အေးသီတာ ဘိုးဘွားရိပ်သာသို့ သွားရောက်ကြပြီး အဘိုး ငါးဦးနှင့် အဘွား ၂၆ ဦးတို့အား အစားအစာများ၊ ဆေးဝါးပစ္စည်းများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ အဘိုးတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အေးသီတာ ဘိုးဘွားရိပ်သာသည် ၁၉၉၇ ခုနှစ်တွင် ရေနံချောင်းမြို့မှ ကုန်သည်ဦးကြည်သိန်းနှင့်ဇနီး ဒေါ်မြင့်မြင့်ကြည်တို့က စတင်တည်ထောင်ခဲ့ပြီး ၂၀၀၀ ခုနှစ်တွင် လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု ဘိုးဘွားရိပ်သာဖြစ်ခဲ့ကြောင်း၊ စတင်တည်ထောင်ခဲ့သူ ကုန်သည် ဦးကြည်သိန်း၊ ဇနီး ဒေါ်မြင့်မြင့်ကြည်တို့သည် ယနေ့တိုင် ဘိုးဘွားရိပ်သာတွင် ဆက်လက်ပါဝင် စောင့်ရှောက်လျက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် ဒေါ်ခင်စောနှင်းနှင့် အဖွဲ့ဝင်များသည် ရေနံချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ရေနံချောင်းမြို့မှ ဆောင်ရွက်သည့် အဘိုးအဘွားများအား ထောက်ပံ့ခြင်း အခမ်းအနားသို့ တက်ရောက်၍ အဘိုး အဘွားများအား စားသောက်ဖွယ်ရာ အာဟာရ၊ ဆန်၊ ဆီ၊ ဆေးဝါးများဖြင့် ကန်တော့ကြရာ အဘိုးတစ်ဦးက ကျေးဇူးတင်ဝမ်းမြောက်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတ၏ ဇနီးသည် အဆိုပါရုံး၌ ရေနံချောင်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်တို့က လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

တွေ့ဆုံပွဲအပြီးတွင် အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေး အသင်းဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ (သတင်းစဉ်)

ဒုတိယသမ္မတ၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနာယက ဒေါ်ခင်စောနှင်း မကွေးတိုင်းဒေသကြီးအတွင်းရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာ အဖွဲ့များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား တရုတ်နိုင်ငံဧည့်သည်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မတ် ၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ NORINCO Co. မှ ဒုတိယဥက္ကဋ္ဌ Mr. Wang Li နှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၂၉ ရက် ညနေ ၄ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး လမ်း/တံတားတည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် စက်ယာဉ်၊ ယန္တရားကိရိယာများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးစိုးတင့်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် မတ် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

	အမည်၊ လက်ရှိရာထူး၊ ဌာန	ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန
(၁)	ဦးစိုးတင့် ဦးဆောင်ညွှန်ကြားရေးမှူး ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ပို့ဆောင်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ပို့ဆောင်ရေးဦးစီးဌာန ပို့ဆောင်ရေးဝန်ကြီးဌာန
(၂)	ဦးဝင်းဖေ ညွှန်ကြားရေးမှူးချုပ် ပို့ဆောင်ရေးဦးစီးဌာန ပို့ဆောင်ရေးဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ပို့ဆောင်ရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန်တွေ့ဆုံ



နေပြည်တော် မတ် ၁

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား တူရကီနိုင်ငံ အန်ကန်ကာမြို့ရှိ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန် Mr. Ercom Aygun သည် ဖေဖော်ဝါရီ ၂၉ ရက် ညနေ ၃ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး**(ဓါတ်ပုံ)** နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးနှင့် သစ်တောအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုကိစ္စများကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်နှင့် သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂-၃-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၈း၁၅ ၃။ "ပညာရေးအဝေးသွားရန် မလိုတော့ပြီ"
- ၈း၂၅ ၄။ (၆၇)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်

ညပိုင်း

- ၄း၂၀ ၁။ "အမှန်ထင်နေသော အမှား"
- ၄း၃၅ ၂။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒ အထူးပြု) (သတ္တဗေဒ)
- ၄း၅၅ ၃။ နှောင်းခေတ် တေးပဒေသာ
- ၅း၁၀ ၄။ မြန်မာစာ မြန်မာစကား
- ၅း၂၅ ၅။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ပူးပေါင်းတင်ဆက်မှု အစီအစဉ်
- ၅း၄၀ ၆။ (၆၇)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၅၀ ၇။ "စုစည်းခံစား ကမ္ဘာ့အားကစား"
- ၆း၄၅ ၈။ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (ဒုတိယတွဲ)(အပိုင်း-၃၇)
- ၇း၄၀ ၉။ "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ လက်ထက်ဆောင်ရွက်ပြီးစီး ဖွင့်လှစ်ခဲ့သည့် တံတားများ" (အပိုင်း-၂)
- ၈း၀၀ ၁၀။ ပြည်တွင်းသတင်း
- ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာအသချေ" (အပိုင်း-၁၁)
- ၁၂။ သီချင်းချစ်သူ

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မတ် ၁

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အားကစားဇုန်ရှိ ဘတ်စကက်ဘော အားကစားကွင်း၌ကျင်းပသော ၂၀၁၂ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ယခုကျင်းပသော ဝန်ထမ်းများအဆင့် ဘတ်စကက်ဘော အားကစားပြိုင်ပွဲသည် မြန်မာ့ဘတ်စကက်ဘော အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် အခန်းကဏ္ဍတစ်ခုအနေဖြင့် ပါဝင်လျက်ရှိကြောင်း၊ ဘတ်စကက်ဘော အားကစားနည်းကို ဝန်ထမ်းများ စိတ်ပါဝင်စားစွာ ကစားလာကြပြီး ကျန်းမာကြံ့ခိုင်ရေး၊ စိတ်ပျော်ရွှင်ရေးနှင့် အချင်းချင်း ချစ်ခင်ရင်းနှီးစွာဖြင့် လုပ်ငန်းများ ပိုမိုအောင်မြင်ရေး အစရှိသည့် ဦးတည်ချက်များကိုပါ ထိန်းသိမ်းကြရင်း ချစ်ခင်ရင်းနှီး ပျော်ရွှင်စွာ ယှဉ်ပြိုင်ကစားသွားကြရန် တိုက်တွန်းမှာကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက်ကို ရွတ်ဆိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဖွင့်ပွဲနေ့ပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် အဆိုပါပြိုင်ပွဲသို့ ဝန်ကြီးဌာန အသင်းကိုးသင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကာလမှာ မတ် ၁၂ ရက်အထိဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၇ နာရီတွင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့နယ်ခွဲ သီတာကုန်းပြင်တိုက်နယ်ရှိ ရွှေနန်းဦး မြသိန်းတန်စေတီတော်၌ စေတီတော်ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ လှူဒါန်းပြီး ပိဋကတ်တော်ကြေးပြားများ မှတ်တမ်းထားရှိရာ တန်ဆောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အခြေခံပညာအထက်တန်းကျောင်း(သီတာကုန်းပြင်)၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များနှင့် တွေ့ဆုံ၍ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် မှာကြားသည်။

ယင်းနောက် သီတာကုန်းပြင်တိုက်နယ်ပြည်သူ့ဆေးရုံ အဆောင်သစ်ဆောက်လုပ်နေမှု၊ ဒေါင့်ကြီးဘက်ကျေးရွာ၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)၏ ငါးသိုင်းချောင်းမြို့ ရေဘေးအန္တရာယ်ကာကွယ်ရေးအတွက် ဝေ၀န်မြစ်ဖြတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ငါးသိုင်းချောင်းမြို့ GSM တာဝါတိုင်တည်ဆောက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဖေဖော်ဝါရီ ၂၉ ရက် နံနက် ၉ နာရီတွင် ပုသိမ်ဟိုတယ်၌ ကျင်းပသည့် ဒုတိယအကြိမ် အိမ်ထောင်စုစားဝတ်နေရေးအခြေအနေဘက်စုံလေ့လာမှုစစ်တမ်း ၂၀၀၉-၂၀၁၀ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ထိုင်းနိုင်ငံအခြေစိုက် Khan-na Company Limited အကြား ဆွေးနွေးမှုမှတ်တမ်း (Record of Discussion) လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဆွေးနွေးချက်မှတ်တမ်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် Khan-na Company Limited မှ Shareholder Representative, Board Committee Mr. Pairat Rattanapiboon တို့က လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်္ဂလိပ်ဘာသာစကားစွမ်းရည် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

ရန်ကုန် မတ် ၁

အဆင့်မြင့်ပညာကဏ္ဍ ကျောင်းသားကျောင်းသူများ အင်္ဂလိပ်စာ အရည်အချင်း တိုးတက်မြင့်မားလာစေရေး အစီအစဉ်အရ ရတနာပုံတက္ကသိုလ် အင်္ဂလိပ်စာဌာနက ကြီးမှူး၍ အင်္ဂလိပ်စာ ဘာသာစကားစွမ်းရည် ကျပန်းစကားပြောပြိုင်ပွဲ (Impromptu talk contest) ကို ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ရတနာပုံတက္ကသိုလ် ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ဘာသာရပ်လေးခုမှ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူရှစ်ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး မခင်စုမြတ်အောင်က ပထမ၊ မဟေမာစုစုစံက ဒုတိယနှင့် မကြည်သော်တာဆုက တတိယ ရရှိခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အနေးယာဉ်များ လိုက်နာရန်

(၁) မော်တော်ယာဉ်များနည်းတူ သတ်မှတ်ထားသည့် လမ်းစည်းကမ်းများကို လိုက်နာရမည်။

(၂) လက်ယာဘက်ဘေးမှကပ်၍ သွားရမည်၊ ရင်ပေါင်တန်းမသွားရ။

(၃) စထွက်၊ ကျော်တက်၊ ကွေ့၊ လမ်းဖြတ်၊ ရပ်လိုလျှင် အန္တရာယ်ကင်း၊ မကင်း ကြည့်ပြီး ကြိုတင်အချက်ပြရမည်။

(၄) ကုန်းဆင်းများတွင် အရှိန်ပြင်းစွာ မဆင်းရ။

(၅) အန္တရာယ်ဖြစ်စေနိုင်လောက်သည့် ခရီးသည်၊ ပစ္စည်းများ မတင်ဆောင်ရ။

(၆) ဘေးကပ်ရပ်၍ ပစ္စည်း၊ ခရီးသည် အတင်အချပြုလုပ်ရမည်။

(၇) ညအချိန်သွားလာသည့်အခါ ရှေ့တွင် မီးများနှင့် နောက်တွင် ရောင်ပြန်ပြားအနီရှိရမည်။

(၈) လူသွားစင်္ကြံပေါ် မသွားလာရ။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁

ထိုင်းနိုင်ငံ National Institute of Metrology (Thailand) နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်း၍ ဒုတိယအကြိမ် ကျင်းပမည့် seminar and workshop on "Measurement Standards in Myanmar" ကို မတ် ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အချိန်ပြည့် တက်ရောက်နိုင်ရမည်ဟု သိရသည်။ လျှောက်လွှာကို UMFCCI Office Tower ၌ရယူ၍ မတ် ၁၂ ရက် နောက်ဆုံးထား လျှောက်ထားရမည်ဖြစ်သည်။ လူဦးရေ ကန့်သတ်ထားပြီး UMFCCI Training Institute ဖုန်း- ၂၁၇၄၈၀၊ ၂၁၄၃၄၄ မှ ၂၁၄၃၄၉ ထိသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအား ကမ္ဘာ့ဘဏ်ဧည့်သည်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မတ် ၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းအား ကမ္ဘာ့ဘဏ်မှ Lead Economist Mr. Mathew Verghis နှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲပိုင်းတွင် အဆိုပါဗဟိုဘဏ်ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး**(ယာပုံ)** မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်နေသော ငွေကြေးမူဝါဒဆိုင်ရာနှင့် ဘဏ္ဍာရေးမူဝါဒဆိုင်ရာကိစ္စရပ်များ၌ ကမ္ဘာ့ဘဏ်မှ ကျွမ်းကျင်မှုနည်းပညာအကူအညီပေးရေး အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ဌာနကြီးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ညောင်ကိုင်းကျိုးကျ၍ လူ ၂၁ ဦးသေဆုံး

မောက်မယ် မတ် ၁

ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ် ဟိုနမ့်ကျေးရွာအုပ်စု လွိုင်ခွမ်ရွာသစ်၌ ပအိုဝ်းရိုးရာပွဲကို ဖေဖော်ဝါရီ ၂၈ ရက် ည ၆ နာရီတွင် ကျင်းပရာ ဖေဖော်ဝါရီ ၂၉ ရက် နံနက် ၁ နာရီတွင် ပွဲခင်းဇာတ်စင်ပေါ်သို့ ညောင်ပင်သစ်ကိုင်းအရင်းပိုင်းမှ ကျိုးကျသဖြင့် ၎င်းနေရာ၌ လူ ၁၆ ဦး ပွဲချင်းပြီး သေဆုံးပြီး ဒဏ်ရာရသူ ၁၄ ဦးမှာ ဟိုနမ့်တိုက်နယ်ဆေးရုံတွင် ဆေးကုသစဉ် ငါးဦး ထပ်မံသေဆုံးကြောင်း သတင်းရရှိသည်။ (၆၆၈)

မူးယစ်ကင်းစင် အောင်ပွဲဆင်

နိုင်ငံတော်၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသော တောင်သူလယ်သမားတို့၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေး ဦးစားပေးဆောင်ရွက်နေ

ဆောင်ရွက်ဆဲဆည်ရေသောက်စနစ်များ ရာနှုန်းပြည့်တည်ဆောက်ပြီးစီးရေး အလေးထားဆောင်ရွက်ပေးလျက်ရှိ

စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် စီမံကိန်းများရေးဆွဲပြီး အဆင့်ဆင့်အကောင်အထည်ဖော်နေ

နေပြည်တော် မတ် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ၂၀၁၂ ခုနှစ် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ချစ်ကြည်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား-

ယနေ့အခါသမယသည် နိုင်ငံနှင့်အဝှမ်း တောင်သူလယ်သမားကြီးများအား ဂုဏ်ပြုသတ်မှတ်ထားရှိသည့် တောင်သူလယ်သမားနေ့ဖြစ်ပါသည်။ ဤကဲ့သို့သော ရက်မြတ်မင်္ဂလာအချိန်အခါတွင် တောင်သူလယ်သမားကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြလျက် ကောင်းကျိုးမင်္ဂလာ အဖြာဖြာဖြင့် ပြည့်စုံပါစေကြောင်းနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုတိုးတက် အောင်မြင်ဖြစ်ထွန်းပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ယနေ့သည် မိမိတို့နိုင်ငံတွင် ပြည်သူလူထုမှ ကိုယ်တိုင်ပါဝင်ဆန္ဒပြုပြီး ရွေးချယ်တင်မြှောက်ခဲ့သော ပါတီစုံဒီမိုကရေစီစနစ်အရ ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့မှ စတင်ဖွဲ့စည်းတာဝန်ယူခဲ့သည့် အစိုးရသစ်၏ သက်တမ်းတစ်နှစ်ပြည့်မြောက်တော့မည့်အချိန်သို့ ချဉ်းနင်းဝင်ရောက်နေသည့် ကာလဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသစ်အနေဖြင့် နိုင်ငံတာဝန် စတင်ထမ်းဆောင်ခဲ့သည့် ကာလတိုအတွင်းမှာပင် နိုင်ငံသားတို့၏ အမျိုးသားရေးအကျိုးစီးပွားကို ရှေးရှု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းတာဝန်အား အမျိုးသားရေးရည်မှန်းချက်အဖြစ် ချမှတ်ပြီး လုပ်ငန်းစဉ်(၈)ရပ်ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိရာ နိုင်ငံတော်၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသော တောင်သူလယ်သမားတို့၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအား အဓိကဦးစားပေးလုပ်ငန်းအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိနေပါသည်။

လယ်ယာကဏ္ဍကို အဓိကအခြေခံ အားထားနေရသည့် နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ ကိုယ်ခံအား တောင့်တင်းခိုင်မာစေရေးအတွက် တောင်သူလယ်သမားများ၏ လူနေမှုဘဝနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အထူးအလေးပေး မြှင့်တင်ဆောင်ရွက်လျက်ရှိနေပါသည်။

ယခင်အစိုးရကာလ ရင်းနှီးမြှုပ်နှံ အကောင်အထည်ဖော်တည်ဆောက်ခဲ့သော ဆည်တာတမံကြီးများ၊ မြစ်ရေတင်စီမံကိန်းများအား ထိထိရောက်ရောက် အကျိုးအရှိဆုံး အသုံးပြုနိုင်ပြီး တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်ကုန်များ တိုးတက်ရေးနှင့် ဝင်ငွေတိုးတက်စေရေးအတွက် ဆောင်ရွက်ဆဲ ဆည်ရေသောက်စနစ်များ ရာနှုန်းပြည့် တည်ဆောက်ပြီးစီးရေး အလေးထားဆောင်ရွက်ပေးလျက်ရှိနေပါသည်။

သမားရိုးကျ ရာသီဥတု၊ မိုးရေကိုသာအားကိုး၍ စိုက်ပျိုးခဲ့ကြရသည့် လယ်မြေများကို ရေသောက်စနစ်များ တည်ဆောက်ပေးနိုင်ခြင်းအားဖြင့် တစ်သီးမှနှစ်သီး၊ သီးထပ်သီးညှပ်များ တိုးတက်စိုက်ပျိုး ထုတ်လုပ်နိုင်မည်ဖြစ်သည့်အတွက် တောင်သူလယ်သမားများအတွက် အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေကို ပိုမိုတိုးတက်ခံစားရရှိစေမည်ဖြစ်ပါသည်။

ထို့ပြင် သမားရိုးကျ မိရိုးဖလာ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက်လည်း ရေတိုရေရှည်စီမံကိန်းများရေးဆွဲပြီး အဆင့်ဆင့် အကောင်အထည်ဖော်ပေးလျက်ရှိနေပြီ ဖြစ်ပါသည်။

နိုင်ငံတော်၏ အဓိကသီးနှံအမယ်ဖြစ်သော ဆန်စပါးအပါအဝင် သီးနှံအမယ်အလိုက် အထွက်နှုန်းများ တိုးတက်မြင့်မားရေးနှင့် ဈေးကွက်ဝင်အရည်အသွေးမြင့်မားရေးအတွက် စိုက်ပျိုးရေးပညာရှင်များ၏ အဆင့်မြင့် နည်းပညာစွမ်းအားဖြင့် စပ်မျိုးစပါး၊ စပ်မျိုးပြောင်း၊ စပ်မျိုးနေကြာ၊ စပ်မျိုးပဲ၊ စပ်မျိုးသစ်သီးဝလံမျိုးစေ့များကို ကျယ်ကျယ်ပြန့်ပြန့်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိနေရာ ပုဂ္ဂလိကအခန်းကဏ္ဍမှ နိုးကြားတက်ကြွစွာ

စာမျက်နှာ ၆ ကော်လံ ၁ သို့◆

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က တာဝန်ထမ်းဆောင်မှု(၁)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် မိန့်ခွန်းပြောကြား

နေပြည်တော် မတ် ၁

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်(၅၅၆)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က တာဝန်ထမ်းဆောင်မှု (၁)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၂၁၀)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးသို့ မိန့်ခွန်းပြောကြားသည်။(နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းအပြည့်အစုံကို ရှေ့ဖုံးတွင် ဖော်ပြထားပါသည်)။

ထို့နောက် အစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် အစည်းအဝေးကိုပြန်လည်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ မိန့်ခွန်းကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်သည်။

ဥပဒေကြမ်းဆွေးနွေးခြင်းကဏ္ဍတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၆)ဦးတို့က ဆွေးနွေးကြသည်။

ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးက ပြည်ထောင်စုဝန်ကြီးဌာနများ၊ နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများမှ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ကိုသာတောင်းခံရန်နှင့် အလေအလွင့်မရှိအောင်သုံးစွဲရန်၊ အမှန်တကယ်လုပ်သင့်သည်များကိုသာ လုပ်ဆောင်ပေးရန်နှင့် နိုင်ငံတော်အား စီးပွားတိုးတက်ရေး၊ နိုင်ငံသားများ လူမှုအဆင့်အတန်း တိုးတက်

မြင့်မားရေးအတွက်သာ ရင်းနှီးတည်ဆောက်ပေးရန်ကို တိုက်တွန်းလိုပါကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများအား ဆင်းရဲမှုမှလွတ်ကင်းအောင် လုပ်ဆောင်ပေးသွားပါရန် လက်ရှိပြည်ထောင်စုအစိုးရအဖွဲ့သို့ ပြည်သူများကိုယ်စား တင်ပြအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်က ရှိပြီးရင်းနှီးမြှုပ်နှံမှုများကို အကျိုးရှိရှိဆောင်ရွက်နိုင်အောင် ပြန်လည်သုံးသပ်ရန်၊ လိုအပ်လျှင် ဖြည့်စွက်ရန်၊ အသစ်အသစ်များ မလိုအပ်သေးလျှင်မလုပ်ရန်၊ အချို့ဆောက်လုပ်ရေး၊ ဆည်မြောင်း၊ စက်မှု၊ မီးရထားလုပ်ငန်းကြီးများ ရပ်ဆိုင်းရန်၊ လျှော့ပေါ့ရန်၊ လိုအပ်လျှင် နောက်ဘဏ္ဍာနှစ်ရွှေ့ရန် သို့မဟုတ် RE ၌ပင် တင်ပြနိုင်ကြမှာဖြစ်သည့်အတွက် စနစ်ကောင်းကိုလည်း လိုက်လံပြောင်းကြရန်၊ အမိန့်ပေးစနစ်နှင့် ဆောင်ရွက်သည့်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီသည့်၊ ဥပဒေနှင့် မညီသည့် ဆောင်ရွက်မှုမျိုးများ မဖြစ်အောင် လုပ်ဆောင်ရန်၊ အခြေခံဥပဒေနှင့်အညီ ဘဏ္ဍာငွေကို အကျိုးရှိရှိ တင်ပြသုံးစွဲနိုင်ရန် တိုက်တွန်းပါကြောင်းဖြင့် ဆွေးနွေးသည်။

တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်းက နိုင်ငံတော်၏

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ပြုပြင်ပြောင်းလဲလာသည့် နိုင်ငံရေးစနစ်နှင့်အညီ နိုင်ငံအတွင်းရှိလမ်းများကို နိုင်ငံတကာအဆင့်မီ လမ်းမကြီးများအဖြစ် ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ရာသီဥတုအခြေအနေနှင့်ကိုက်ညီမှု၊ ကုန်ကျစရိတ်သက်သာမှု၊ လိုအပ်သောကုန်ကြမ်းများ လွယ်ကူစွာရရှိနိုင်မှု၊ သတ်မှတ်ချိန်အတွင်းပြီးစီးနိုင်မှု၊ ရေရှည်တည်တံ့ထိန်းသိမ်းနိုင်မှုတို့ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ရာ ကတ္တရာလမ်းများခင်းခြင်းထက် ကွန်ကရစ်လမ်းများခင်းခြင်းက ပိုမိုအကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါကြောင်း။

အနာဂတ်ကာလတွင် ကတ္တရာလမ်းများအားလုံးကို မိမိတို့နိုင်ငံ၏ မိုးများသောရာသီဥတုနှင့် ကိုက်ညီသည့် ကွန်ကရစ်လမ်းများအဖြစ် ပြောင်းလဲဆောင်ရွက်နိုင်ရေးကို စီမံချက်ချဆောင်ရွက်ပါက ကတ္တရာလမ်းကို ပျက်လိုက်ပြင်လိုက်ဖြင့် လမ်းသစ်များတိုးတက်မှုနှေးကွေးကာ ဘဏ္ဍာငွေများယိုဖိတ်နေမှုမှ

စာမျက်နှာ ၆ ကော်လံ ၁ သို့❖